ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ)ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 October 2023 ၁၁၂၄၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လွတ်လပ်ရေးနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## ယနေ့ ဖတ်စရာ

အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက် စာမျက်နှာ » ၃

ငြိမ်းချမ်းရေးချိုးငှက်တွေ ကမ္ဘာမြေအနှံ့ ပြေးလွှားဆော့ကစားစေ ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူများသို့ အသိပေးကြေညာခြင်း စာမျက်နှာ » ၈

တနင်္သာရီတိုင်းဒေသကြီးရှိ ကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင်စတင်ဝင်ရောက် စာမျက်နှာ » ၁၂

ကြေးမုံ

# စီးပွားရေးအဟန့်အတားများဖယ်ရှား

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု မှန်ကန်ချောမွေ့စွာလည်ပတ်ရေးသည် အရေးကြီးသော အချက်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတွင် အဟန့်အတားများရှိနေပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး နှေးကွေးနေမည်ဖြစ်သည်။ နိုင်ငံ၏ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုများ တားဆီးနေသည့်ကြားမှ ရှိနေသည်ကိုတွေ့ရသည်။

တရားမဝင်ကုန်သွယ်မှု သို့မဟုတ် မှောင်ခိုရောင်းဝယ်မှုသည် နိုင်ငံတိုင်းတွင် ရှိနေဆဲဖြစ်ပြီး မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ် မှောင်ခိုရောင်းဝယ်မှုသည် ခေတ်အဆက်ဆက်ကတည်းက ကျယ်ပြန့်စွာအမြစ်တွယ်လာခဲ့သည်။ တံခါးပိတ်စီးပွားရေးခေတ်ကာလက မှောင်ခိုရောင်းဝယ်မှုများ ရှိမည်မှန်သော်လည်း ဈေးကွက်စီးပွားရေးစနစ်တွင် တရားမဝင်ကုန်သွယ်မှု မှောင်ခိုရောင်းဝယ်မှုများရှိနေသည်မှာ မတော်လောဘ၊ အတ္တအကျိုးစီးပွားအတွက် နိုင်ငံ့အကျိုးစီးပွားကို မငဲ့ကွက်သည့်လုပ်ရပ်များဖြစ်၍ ထိရောက်စွာအရေးယူရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက်ပိုမိုတားဆီးစစ်ဆေး အရေးယူရန်လိုအပ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃)တွင် ပြောကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုကို တစ်နိုင်ငံလုံးဖြန့်ကြက်၍ အရေးယူတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ကုန်သွယ်မှုများတွင် တရားမဝင်ကုန်သွယ်မှုများ ရှိနေသောကြောင့် နိုင်ငံ့ဝင်ငွေများ ထိခိုက်နစ်နာလျက်ရှိသည့်အပြင် ပြည်တွင်း၌ ကုန်သွယ်မှုများဆောင်ရွက်ရာတွင်လည်း တရားဥပဒေနှင့်မညီသည့် မမှန်မကန်ဆောင်ရွက်မှုများကြောင့် ထိခိုက်နစ်နာမှုများရှိနေသည်ကိုလည်း တွေ့ရသည်။ ပြီးခဲ့သည့် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရေယာဉ်၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် တရားမဝင်ပြောင်းဆန်သယ်ယူမှုများကို ထူးခြားဖြစ်စဉ်အနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးကို ဖြတ်ကျော်၍ တရားမဝင်ပြောင်းဆန်များ တင်ပို့ရန်ကြိုးပမ်းမှုကို တားဆီးနိုင်ခဲ့သည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ကွန်တိန်နာ ၁၁ လုံး တရားမဝင်ထုတ်ယူမှုကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဩဂုတ်လ ၂ ရက်နေ့က မော်လမြိုင်ဘူတာသို့ ဆိုက်ရောက်ကုန်တင်တွဲ ငါးတွဲ၌ တင်ပို့လိုင်စင်နှင့်ကျူအာကုတ်မပါသည့် အထောက်အထားမဲ့ ပြောင်းစေ့အိတ် ၁၆၅၉ အိတ်နှင့်ဆက်စပ်မှုအရ ပဲခူး-မော်လမြိုင် လမ်းကြောင်းတစ်လျှောက်ကုန်တွဲ ၅၁ တွဲမှ ပဲခူးဘူတာတွင် မသင်္ကာဖွယ် ၃၇ တွဲကို ဖော်ထုတ်နိုင်ခဲ့သည်။ မရမ်းချောင်စစ်ဆေးရေးဂိတ်၌လည်း အထောက်အထားမဲ့ မော်တော်ယာဉ်ရှစ်စီးကို တားဆီးနိုင်ခဲ့သည်။ ရထားတွဲ ၈၈ တွဲ၊ ရေယာဉ်တစ်စင်း၊ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားမဝင် ပြောင်းစေ့အိတ် ၉၁၃၅၉ အိတ် ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၉ ဘီလီယံကျော်ကို ဖော်ထုတ်တားဆီးနိုင်ခဲ့သည်။

ပြည်တွင်း၌ ကုန်ပမာဏများပြားသော တရားမဝင်ပို့ကုန်များကို သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကောင်းများနှင့်ကြီးကြပ်သူများ၏ စေ့စပ်စွာဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုဂုဏ်ပြုရမည်ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆုပေးဒဏ်ပေးစနစ်ဖြင့် ဝန်ထမ်းကောင်းများကို ထိုက်သင့်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးသွားမည်ဟုသိရသည်။ တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါကလည်း လာဘ်ပေးလာဘ်ယူပြုလုပ်သူတို့ကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံတော်၏ ပို့ကုန်/သွင်းကုန်များကို G to G ဖြင့် စနစ်တကျဆောင်ရွက်နေသော အထူးစီးပွားရေးဇုန်ကြီးဖြစ်သည်။ အချို့ကုမ္ပဏီများအနေဖြင့် ကုန်ပစ္စည်းများတင်သွင်းရာတွင် သွင်းကုန်လိုင်စင်မရှိဘဲ အခြားကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်များကို အလွဲသုံးစားပြုလုပ်ပြီး တင်သွင်းရန်ကြိုးပမ်းမှုများကို တားဆီးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ဥပဒေမဲ့ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဇူလိုင်လနှင့် ဩဂုတ်လ နှစ်လအတွင်း ဖော်ထုတ်ဆောင်ရွက်နိုင်မှုသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ အသိအမှတ်ပြုရမည့် ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကို ယခင်နှစ်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများတွင်ပါ တရားမဝင်မှုများရှိနေသည်ကို ယခုဖြစ်စဉ်များက သတိပေးနိုင်သည်ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုတွင် သွင်းကုန်များသာမက ပို့ကုန်များကိုပါ အထူးဂရုပြု အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားဖြစ်နေသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် သွင်းကုန်များသာမက ပို့ကုန်များတွင်ပါ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက် ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများလှူဒါန်း



လွိုင်ကော် အောက်တိုဘာ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှားတောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော် ပြည့်စုံစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှားတောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငွေငွေဝင်းနှင့် ဝန်ထမ်းများက ရှားတောမြို့နယ် ဈေးပိုင်းရပ်ကွက် မွေတော်ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၀ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၅၄၄ | ၄,၈၁၇,၅၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၃၉၈ | ၄,၁၃၁,၆၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၆၃ | ၂၇၇,၁၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၈၅၈ | ၂,၁၀၂,၁၀၀ |
| EFR | ၂,၁၅၀ | ၂,၂၀၀ | ၆၀ | ၁၂၉,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၂ | ၁၀၅,၆၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၆၉၃ | ၁,၂၄၇,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ❖ လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ် သတ်မှတ်ထားသော်လည်း နိုင်ငံတော်က လက်ရှိဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထည့်သွင်းဆောင်ရွက်သွားကြရမည်

## ❖ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လိုအပ်ချက်များ မရှိအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

■ ရှေ့ဖုံးမှ

တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ် သတ်မှတ်ထားသော်လည်း နိုင်ငံတော်က လက်ရှိဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထည့်သွင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အောင်မြင်စွာကျင်းပနိုင်

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကိုလည်း အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများလည်း ရရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်လွတ်လပ်ရေးနေ့အခမ်းအနားကို ပုံမှန်အတိုင်း မနက်ပိုင်းတွင် အလံတင်အခမ်းအနား၊ မွန်းလွဲပိုင်းတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ခြင်းနှင့် ညပိုင်းတွင် ညစာစားပွဲအခမ်းအနားတို့ဖြင့် အပိုင်းသုံးပိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားသည် ပုံမှန်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထူးသဖြင့် လုံခြုံရေးကိစ္စကို လစ်ဟာမှုမရှိစေရန် အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တက်ရောက်လာကြသူအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်နေထိုင်မှုများဖြစ်စေရန် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ နိုင်ငံတော်အဆင့် အခမ်းအနားများ၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာရယူပြီး ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လိုအပ်ချက်များ မရှိအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲစစ်ရေးပြ ဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ ညစာစားပွဲအလှပြ Drone လွှတ်တင်ဖျော်ဖြေရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ၊ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများတွင် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးရန်လိုကြောင်း၊ ထို့ပြင် လွတ်လပ်ရေးနေ့နှင့်သက်ဆိုင်သည့် စာပေဟောပြောပွဲများကိုလည်း ကျင်းပပြုလုပ်ပေးသွားရန်လိုကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့် ပါဝင်ထိုက်သူများပါရှိစေရေး၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံ လစ်ဟာမှုမရှိစေရေးနှင့် လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၁/၂၀၂၃) အစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

အစားအသောက်နှင့် ဆေးဝါး ဆေးပစ္စည်း၊ အလှကုန်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ပြည်ထောင်စု အစိုးရအဖွဲ့သည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသည့် အစားအသောက်နှင့်ဆေးဝါးများကို အများပြည်သူတို့ ရရှိသုံးစွဲနိုင်ရန်အစားအသောက်နှင့်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၄ နှင့်အမျိုးသားဆေးဝါး ဥပဒေပုဒ်မ ၄ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးကာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများ၊ တာရှည်ခံဆေးများ ထည့်သွင်းပြီး ရောင်းချနေခြင်းများ၊ အရည်အသွေး အာနိသင် အာမခံချက်လုံးဝမရှိသည့်၊ မှတ်ပုံတင်မရှိသည့် ဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများကိုတွင်တွင်ကျယ်ကျယ် ဖြန့်ဖြူး ရောင်းချနေကြကြောင်း တွေ့ရှိရကြောင်း၊ အဆိုပါ အစားအစာများကို ရေရှည်စားသုံးမိပါက မကူးစက်တတ်သော နာတာရှည်ရောဂါများ၊ ကင်ဆာရောဂါများ၊ အသည်းနှင့် ကျောက်ကပ်ရောဂါများ ခံစားရနိုင်သည့်အပြင် ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကြောင့် ဆေးယဉ်ပါးမှုများ ဖြစ်လာနိုင်ကြောင်း၊ ပြည်သူတစ်ဦးတစ်ယောက်ကို ထိခိုက်စေရုံသာမကဘဲ နိုင်ငံတော်အတွက်ပါ ထိခိုက်နစ်နာမှု ရှိလာမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကိစ္စရပ်များကို ယခုထက်ပိုမိုပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးနေမှုများကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိဂီဇင်က အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များ တရားမဝင် ဖြန့်ဖြူး ရောင်းချနေမှုများကို လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဝင်များက ဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက်သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်း တင်ပြချက်များအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေး၍ ဆုံးဖြတ်ချက်များ ချမှတ်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

**ကြေညာချက်အမှတ် (၁/၂၀၂၃)**

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့်ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၇၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မိုးစပါးနှင့် ၂၀၂၄ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသောတောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၉၇ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မိမိမော်အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၉၈ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်နှင်းထွေးအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ကျန်းမာရေးစစ်ဆေးမှုပြုလုပ်နိုင်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သံဃာတော်နှင့် သီလရှင်များအား ဘီပိုးကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ပြုလုပ်နိုင်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သံဃာတော်နှင့် သီလရှင်များအား ဘီပိုးကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာန ဝိဟာရ သံဃာ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် သီတင်းသုံးတော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများနှင့် ကမ္မဋ္ဌာန်းရိပ်သာအသီးသီးတို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ဆောင်ရွက်ပြီး နိုင်ငံတော်၏ ကိုယ်စား ဆရာတော်ကြီးများကို စောင့်ရှောက်ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်းဖြင့် မွန်မြတ်သောစိတ်ဓာတ်၊ မွန်မြတ်သောစေတနာ သဒ္ဓါတရားကိုအရင်းခံ၍ ကုသိုလ်ပြုကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးထွန်းက နိုင်ငံတော်အဆင့် ဆရာတော်ကြီးများနှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ပြုလုပ်နိုင်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သံဃာတော်နှင့် သီလရှင်များအား ဘီပိုးကာကွယ်ဆေးထိုးနှံနိုင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သီတင်းသုံးတော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့(ဂိုဏ်းစုံ) ဆရာတော်ကြီးများနှင့် သီလရှင်အမှုဆောင်အဖွဲ့ ဆရာကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများရှိ ကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီးများစာရင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘုန်းတော်ကြီးသင် ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့များ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ သာသနာပြုဆရာတော်ကြီးများနှင့် ကမ္မဋ္ဌာန်းရိပ်သာတို့မှ သက်တော် ၆၅ နှစ်အထက်ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများစာရင်းနှင့် နိုင်ငံတော်အဆင့် ဆရာတော်ကြီးများနှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ပြုလုပ်ပေးနိုင်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသံဃာတော်နှင့် သီလရှင်များအား ဘီပိုးကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးအကြံပြု တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်းအစီအစဉ် (Knowledge Sharing Program ) အရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ အထိမ်းအမှတ် စိတ်ကျန်းမာရေးနှင့် လူ့အခွင့်အရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**အသိပညာမျှဝေ**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၂၀၂၃ ခုနှစ်၏ ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ “Mental Health is a Universal Human Rights” ဖြစ်ကြောင်း၊ ထိုနေ့တွင် စိတ်ကျန်းမာရေးနှင့် စပ်လျဉ်းသည့် ဗဟုသုတများ တိုးပွားစေရန် အသိပညာမျှဝေခြင်း (Knowledge Sharing Program) အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုဟောပြောမည့် အစီအစဉ်မှ စိတ်ကျန်းမာရေးနှင့် လူ့အခွင့်အရေး မည်သို့ဆက်စပ်နေသည်ကို သိရှိရမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က စိတ်ကျန်းမာရေး၊ စိတ်အခြေအနေကောင်းမွန်သူများ၊ စိတ်ကျန်းမာရေးပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ စိတ်မကျန်းမာသည့်အမျိုးအစားများ၊ စိတ်ကျန်းမာရေးသည် လူနေမှုဘဝတွင် အရေးပါခြင်း၊ စိတ်ကျန်းမာရေးပြဿနာဖြစ်ပွားမှုအခြေအနေ၊ သိမ်ငယ်အောင် ပြုမူခြင်းနှင့်ခွဲခြားဆက်ဆံခြင်း၊ စိတ်မကျန်းမာသူများအပေါ် ခွဲခြားဆက်ဆံမှုဥပမာများ၊ စိတ်မကျန်းမာသူများ၏ အခွင့်အရေးများနှင့် စိတ်ကျန်းမာရေးကို လူအများ သိနားလည်အောင် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်းစသည့်ခေါင်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ၏ နိုင်ငံပိုင်ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့်ရှာဖွေရေးအဖွဲ့ ROSGEO နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၀**

(၆) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (REW) သို့ တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ၏ နိုင်ငံပိုင် ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့်ရှာဖွေရေးအဖွဲ့ ROSGEO ၏ နိုင်ငံတကာလုပ်ငန်းများဌာနကြီးမှူး မစ္စတာအလက်ဇန်းဒါး (Mr. Alexander) ဦးဆောင်သော အဖွဲ့နှင့် နည်းပညာဆိုင်ရာများ ဆွေးနွေးသည်။



**ဆွေးနွေးပြောကြား**

တွေ့ဆုံစဉ် ROSGEO ၏ နိုင်ငံတကာလုပ်ငန်းများဌာနကြီးမှူး မစ္စတာအလက်ဇန်းဒါး က ROSGEO သည် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံမှ ရာနှုန်းပြည့်ပိုင်ဆိုင်သော ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့် ရှာဖွေရေးအဖွဲ့ဖြစ်ပြီး ရေနံ၊ ဓာတ်သတ္တုရှာဖွေရေးနှင့် သက်ဆိုင်သော ဘူမိရူပဗေဒလေ့လာခြင်း၊ တွင်းတူးဖော်ခြင်း၊ ကမ်းလွန်ဆိုက်စမစ်နှင့် မြေဆွဲအားတိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာခြင်းနှင့် သုတေသနဓာတ်ခွဲခြင်းလုပ်ငန်းများ လုပ်ဆောင်ပါကြောင်း၊ ROSGEO တွင် လက်အောက်ခံကုမ္ပဏီ ၆၄ ခုရှိ၍ နိုင်ငံတကာတွင် လုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး တူးဖော်ပြီးရေနံတွင်းဟောင်းများမှ Low Potential Layer များကို ဉာဏ်ရည်တု (AI နည်းပညာသုံးဆော့ဝဲလ်) နည်းပညာအသုံးပြု၍ ရေနံထုတ်ယူနိုင်မည့် နည်းပညာကိုလည်းကောင်း၊ တိုင်းတာပြီး အချက်အလက် အားလုံးကိုစုစည်း၍ ဘူမိအနယ်ကျချိုင့်ဝှမ်း (Sedimentary Basin) အားခွဲခြမ်းစိတ်ဖြာလေ့လာဆောင်ရွက်ပြီး ရေနံမြေအသစ်များ ဖော်ထုတ်နိုင်မှုကိုလည်းကောင်း၊ 2D, 3D ဆိုက်စမစ် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုနှင့် တိုင်းတာရရှိသည့် အချက်အလက်များကို အကဲဖြတ်ခြင်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် အလားအလာရှိသော နေရာများကို ဖော်ထုတ်ပေးနိုင်မှုကိုလည်းကောင်း၊ ဘူမိဗေဒဆိုင်ရာ 3D မော်ဒယ်တည်ဆောက် ပေးနိုင်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

**များစွာအကျိုးရှိမည်ဟု ယုံကြည်**

ပြည်ထောင်စုဝန်ကြီးက ခေတ်မီနည်းပညာများကို အသုံးပြုနိုင်ခြင်းဖြင့် ဆုံးရှုံးမှုနှင့် စွန့်စားမှုများကို လျှော့ချနိုင်ကြောင်း သိရှိရသည့်အတွက် စိတ်ဝင်စားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်းတွင်းရေနံ တူးဖော်ထုတ်လုပ်ရေးသည် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ရေနံအထွက်နှုန်း ကျဆင်းလာမှုအပေါ် နည်းပညာအသုံးပြု၍ ရေနံအထွက်တိုးစေရန် လက်တွေ့ဆောင်ရွက်နိုင်မှု နည်းလမ်းများကို သိရှိရသဖြင့် မိမိတို့အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ ROSGEO အဖွဲ့နှင့်နည်းပညာပိုင်းဆိုင်ရာများ အသေးစိတ် ထပ်မံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံ့ဝန်ထမ်းများကို အရည်အချင်းပြည့်ဝပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ လုပ်ငန်းပိုင်းဆိုင်ရာ အသိအမြင် ဗဟုသုတများ ကြွယ်ဝစေရန်နှင့် ကမ္ဘာအနှံ့ ဖြစ်ပေါ် ပြောင်းလဲနေသည့် အခြေအနေများ၊ ဖော်ထုတ်ချက်များကို မျက်ခြည်မပြတ် လေ့လာသင်ယူနိုင်ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများရှိ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပြည်ပတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာရပ်များ သင်ကြားနိုင်ရန်အတွက် စိစစ်ရွေးချယ်စေလွှတ်လျက်ရှိကြောင်း၊ ပြည်ပသို့ သွားရောက်ခဲ့သူများအနေဖြင့် ရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြကြရန်နှင့် တက်ရောက်လာကြသူများကလည်း ၎င်းတို့၏ အတွေ့အကြုံမျှဝေမှုအပေါ် သိသင့်သိထိုက်သည်များကို အထူးဂရုပြုမှတ်သားကာ သိရှိလိုသည်များကို မေးမြန်းကြရန် ပြောကြားသည်။

ထို့နောက် ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သော အရာထမ်းများက ၎င်းတို့၏ အတွေ့အကြုံများနှင့် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ စတင်ပေးအပ်လှူဒါန်းကြရာ ဒေါပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၁၈၃၀၀၀၊ မှော်ဘီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူးများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊(၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့နယ် တာလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ အငှမအကြိမ် ထုတ်ချေး

**မိုင်းယောင်း အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းလိုက်ကျေးရွာအုပ်စု တာလုတ်ကျေးရွာရှိ ကျေးလက်နေပြည်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ အငှမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစံလင်းက တာလုတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တာလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၃၈ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ ကို အငှမအကြိမ်မြောက် အသင်းသားအသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၁၀**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ငြိမ်းချမ်းရေးချိုးငှက်တွေ ကမ္ဘာမြေအနှံ့ ပြေးလွှားဆော့ကစားစေ

မောင်ကမ္ဘာ

**ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးလောကတွင် သဘောထားတင်းမာသူများ၊ စစ်လိုလားသူများကို လင်းယုန်များ၊ စွန်ရဲများ၊ hard-liner တရားသေ အမာဂိုဏ်းသားများဟုလည်းကောင်း၊ သဘောထားပျော့ပျောင်းသူ၊ ငြိမ်းချမ်းရေးကို လိုလားသူများကို ရွှေပြည်အေးဝါဒီများ၊ ပြုပြင်ပြောင်းလဲရေးသမားများ၊ ချိုးငှက်များ၊ အပျော့ဂိုဏ်းသားများဟုလည်းကောင်း တင်စားခေါ်ဝေါ်ကြပါသည်။**

အမာဂိုဏ်းသားများက ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်တတ်သူများဖြစ်၍ အရာရာကို ချင့်ချိန်သည်းခံပြီး ပြဿနာတစ်ရပ်ကို စားပွဲဝိုင်းပေါ်မှာပင် စိတ်ရှည်လက်ရှည် ဆွေးနွေးညှိနှိုင်းအဖြေရှာတတ်သူ အပျော့ဂိုဏ်းသားများထက် ကမ္ဘာ့မြင်ကွင်းတွင် ပို၍ပေါ်လွင်ထင်ရှားလေ့ရှိသည်။ သွေးပူနေသည့်ပရိသတ်၏ လက်ခုပ်သံကိုလည်း ပို၍ရလေ့ရှိကြသည်။

**ကမ္ဘာ့ခေတ်ပြိုင်ခေါင်းဆောင်များ**

စာရေးသူတို့ နုငယ်စဉ်အခါကလည်း ကမ္ဘာ့ခေတ်ပြိုင်ခေါင်းဆောင်များဖြစ်ကြသည့် အမေရိကန်သမ္မတ ရီဂင်၊ အစ္စရေးဝန်ကြီးချုပ် ဘီဂင်၊ ရှာမီးယား၊ အေရီယယ်ရှာရွန်၊ ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်နှင့် အီဇာဝိုက်ဇမန်း စသော သဘောထားတင်းမာသည့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ ခေါင်းဆောင်များနှင့် တစ်ချက်ထိလျှင် နှစ်ချက်ပြန်ပြီး လက်တုံ့ပြန် တိုက်ခိုက်တတ်သည့် စစ်ခေါင်းဆောင်များကို ပို၍သဘောကျပါသည်။



ဒေးဗစ်စခန်းသဘောတူညီချက် ငြိမ်းချမ်းရေးစာချုပ်တွင် အဓိကဗိသုကာ အခန်းကဏ္ဍမှ ပါဝင်ပုံဖော်ပေးသူ အစ္စရေးကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်

အမေရိကန်သမ္မတ ရီဂင်က ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီပီပီ ဆိုဗီယက်ပြည်ထောင်စုနှင့် ပတ်သက်လျှင် သဘောထားတင်းမာလွန်းသည်။ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော အရှေ့အုပ်စု ကွန်မြူနစ်နိုင်ငံများနှင့် ဆက်ဆံရေးတွင် ချိတ်ဆက်တုံ့ပြန်ဆောင်ရွက်ရေးပေါ်လစီကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ပြိုင်ဘက်အုပ်စုက ခြေတစ်လှမ်းလှမ်းလျှင် သူကလည်း အလားတူခြေလှမ်းမျိုးလှမ်းမည်ဟူသည့်သဘောပင်။

ထို့ကြောင့်ပင် ၁၉၈၀ ပြည့်နှစ်ကျော်လွန်ကာလ ရီဂင်၊ ယူရီအင်ဒရိုပေါ့တို့ ခေတ်ပြိုင်ခေါင်းဆောင်နှစ်ဦးတို့၏ခေတ်တွင် အမေရိကန် – ဆိုဗီယက် မဟာအင်အားကြီးနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် တင်းမာမှုမြင့်တက်ခဲ့သည်။

ဆိုဗီယက်က သူ့မဟာမိတ် အရှေ့ဥရောပမှ ဝါဆောစစ်အုပ်စုဝင်နိုင်ငံများတွင် အက်စ်အက်စ်–၂၀ နျူကလီးယားထိပ်ဖူးတပ် တာလတ်ပစ်ဒုံးပျံများကို ဖြန့်ကြက်လာသောအခါ အမေရိကန်ကလည်း သူ့မဟာမိတ် အနောက်ဥရောပမှ နေတိုးစစ်အုပ်စုဝင်နိုင်ငံများတွင် နျူကလီးယားထိပ်ဖူးတပ် ပါရှင်–၂ နှင့် ခရုဇ်ဒုံးပျံများကို တုံ့ပြန်ဖြန့်ကြက်ခဲ့သည်။

ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများက ၁၉၆၂ ခုနှစ် ကျူးဘားဒုံးပျံအရေးအခင်းကဲ့သို့ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအကြား စစ်အေးတိုက်ပွဲမှ ကမ္ဘာ့စစ်မီးကြီးများ ထတောက်လာလေမလားဟု ရင်တမမ၊ စိုးရိမ်တကြီးဖြင့် ကန့်ကွက်ဆန္ဒပြပွဲများ ခြိမ့်ခြိမ့်သဲကျင်းပ၍ တုံ့ပြန့်ဆန္ဒပြခဲ့ကြသော်လည်း စာရေးသူကမူ ရီဂင်၏လုပ်ရပ်ကို သဘောကျခဲ့သည်။

သမ္မတရီဂင်ခေတ်ကာလတွင် ကမ္ဘာ့အရေးအခင်းသည် ပို၍ရှုပ်ထွေးမှုများခဲ့သည်။ အမေရိကန်၏ ဝင်ရောက်ပါဝင်စွက်ဖက်မှုများကလည်း ကမ္ဘာလုံးဆိုင်ရာ နေရာအနှံ့နီးပါးဖြစ်ခဲ့သည်။ အလယ်ပိုင်းအမေရိက ဂရင်နေဒါနိုင်ငံတွင် လက်ဝဲအာဏာသိမ်းမှု ပေါ်ပေါက်ခဲ့ရာ အမေရိကန်က အမေရိကန်ဆေးကျောင်းသားများကို ကယ်ထုတ်ရန်အကြောင်းပြချက်ဖြင့် ဂရင်နေဒါနိုင်ငံငယ်လေးကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အီရန်–အီရတ်စစ်ပွဲကာလတွင် အမေရိကန်က ဆက်ဒမ်ဟူစိန်ခေါင်းဆောင်သော အီရတ်အစိုးရကို ထောက်ခံပြီး အီရန်ကို ဖိအားပေးခဲ့သည်။ အီရန်တို့၏ တိုက်ခိုက်မှုရန်မှ ကာကွယ်ရန်ဟုဆိုကာ ဟော့စ်မုဇ်ရေလက်ကြားတွင် အမေရိကန်စစ်သင်္ဘောများက အင်အားပြကင်းလှည့်လာသည်။ ဆော်ဒီ၊ ကူဝိတ်၊ ဘာရိန်း စသည့်အာရပ်နိုင်ငံများ၏ ရေနံတင်သင်္ဘောများကို အမေရိကန်အလံလွှင့်ထူပြီး လိုက်ပါစောင့်ကြပ်ပေးလာသည်။ ထို့နောက်ပိုင်းတွင် အမေရိကန်စစ်သင်္ဘောအချို့က အီရန်၏ ရေနံတွင်းတူးစင်များကို အမြောက်နှင့်ပစ်ခတ်မှု၊ ရေလက်ကြားအတွင်း ရေမြုပ်ဗုံးလာထောင်သည့် အီရန်၏ ကင်းလှည့်စစ်ရေယာဉ်ငယ်ကို ဖမ်းဆီးမှုများ ဆက်တိုက်ပေါ်ပေါက်လာသည်။

**အချေအတင်အင်အားပြစစ်ကစားမှုများ**

တစ်ဖန် ဆီဒရာပင်လယ်ကွေ့တွင် အမေရိကန်နှင့် လစ်ဗျားစစ်သင်္ဘောများ အချေအတင်အင်အားပြ စစ်ကစားမှုများ၊ ထိုမှအမေရိကန်စစ်သားအများအပြား ကျင်လည်ကျက်စားရာ အနောက်ဂျာမနီနိုက်ကလပ် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် လစ်ဗျားနိုင်ငံ၏ လက်ချက်မကင်းဟုဆိုကာ ၁၉၈၆ ခုနှစ် ဧပြီလတွင် အမေရိကန်စစ်လေယာဉ်အချို့က လစ်ဗျားခေါင်းဆောင် ကဒါဖီ၏နေအိမ်နှင့် ဘင်ဂါဇီမြို့ရှိ စစ်ရေးပစ်မှတ်များကို သွားရောက်ဗုံးကြဲတိုက်ခိုက်ခဲ့မှုများ ဖြစ်ပွားပြန်သည်။

မည်သို့ဆိုစေ စာရေးသူကတော့ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုသလို သမ္မတရီဂင်ကို သဘောကျနှစ်သက်ပါသည်။ နုပျိုလန်းဆန်းတက်ကြွချိန်မို့ ရီဂင်၏ Heroism ဝါဒနှင့်လုပ်ရပ်ကို မှန်သည်ဟု ယူဆသည်။

အလားတူ ရန်ဘက်နိုင်ငံများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် လက်မြန်ခြေမြန် လက်တုံ့ပြန်တတ်သည့် အစ္စရေးဝန်ကြီးချုပ် မီနာချန်ဘီဂင်၊ ယစ်ဇတ်ရှာမီးယား၊ အေရီယယ်ရှာရွန်တို့၊ မိုရှေဒါယန်၊ အီဇာဝိုက်ဇမန်းတို့ကိုလည်း စာရေးသူသဘောကျနှစ်ခြိုက်ခဲ့ပါသည်။

၁၉၈၂ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဗြိတိန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ရှလိုမိုအာဂေါ့ကို လက်နက်ကိုင်တစ်စုက ပစ်ခတ်လုပ်ကြံခဲ့ရာမှ ဒဏ်ရာအပြင်းအထန်ရရှိခဲ့မှုအပေါ် အစ္စရေးက



သဘောထားတင်းမာသည့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီတစ်ဦးဖြစ်သည့် အမေရိကန်သမ္မတ ရီဂင်

လက်တုံ့ပြန်သည့်အနေဖြင့် ဇွန်လ ၆ ရက်နေ့တွင် လက်ဘနွန်နိုင်ငံရှိ ပါလက်စတိုင်းပြောက်ကျားများအား ဝင်ရောက်ချေမှုန်းခဲ့သည့် ဘီရွတ်စစ်ပွဲ ပေါ်ပေါက်လာသည်။ ဘီရွတ်စစ်ပွဲတွင် လက်ဘနွန်နှင့် ပါလက်စတိုင်းအပြစ်မဲ့ပြည်သူ ၁၇၀၀၀ ကျော် သေဆုံးခဲ့ရသည့်တိုင် အစ္စရေး၏ လက်တုံ့ပြန်မှုအပေါ် မှန်ကန်သည်ဟု ယူဆခဲ့မိသည်။

သို့သော် နောက်ပိုင်းကာလတွင် တစ်ချိန်က စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ပြီး စာရေးသူသဘောကျနှစ်ခြိုက်ခဲ့သည့် မိုရှေဒါယန်၊ အီဇာဝိုက်ဇမန်း၊ ယစ်ဇတ်ရာဘင်၊ အေရီယယ်ရှာရွန် စသည့်အစ္စရေးခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကို လိုလားသူ၊ ငြိမ်းချမ်းရေးကိုဖော်ဆောင်သူ ငြိမ်းချမ်းရေးဝါဒီများအဖြစ် ကူးပြောင်းလာသည်။

**အဓိကဗိသုကာအခန်းကဏ္ဍမှ ပါဝင်ပုံဖော်**

အာရပ်–အစ္စရေး ခြောက်ရက်စစ်ပွဲကာလတွင် ကာကွယ်ရေးဝန်ကြီးတစ်ဦးအဖြစ် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန် စသည့်ပြိုင်ဘက်အာရပ်နိုင်ငံများကို အချိန်တိုအတွင်း အလဲထိုးအနိုင်ယူပြီး လျှမ်းလျှမ်းတောက်ကမ္ဘာကျော်ခဲ့သူ မိုရှေဒါယန်သည် ဒေးဗစ်စခန်းသဘောတူညီချက် ငြိမ်းချမ်းရေးစာချုပ်တွင် အစ္စရေးနှင့် အီဂျစ်တို့ အောင်မြင်စွာချုပ်ဆိုနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးတစ်ဖြစ်လဲ အဓိကဗိသုကာအခန်းကဏ္ဍမှ ပါဝင်ပုံဖော်ဆောင်ရွက်ပေးသွားခဲ့သည်။ ထို့ပြင် အစ္စရေးအသိမ်းပိုက်ခံ ပါလက်စတိုင်းဒေသများတွင် ဂျူးအခြေစိုက် လူနေတိုက်တာ အိုးအိမ်များ တည်ဆောက်မှုနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် ဘီဂင်နှင့် သဘောထားအကြီးအကျယ်ကွဲလွဲခဲ့ရာမှ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်သွားခဲ့ပြန်သည်။

ထို့အတူ တစ်ချိန်က သဘောထားတင်းမာပြီး အမာဂိုဏ်းသားအဖြစ် ထင်ရှားခဲ့သူ ကာကွယ်ရေးဝန်ကြီး အီဇာဝိုက်ဇမန်းသည် နောက်ပိုင်းတွင် အစ္စရေး၏ လက်တုံ့ပြန်တိုက်ခိုက်မှု စစ်ဆင်ရေးများအပေါ် ပင်တိုင်ကန့်ကွက်သူ၊ ငြိမ်းချမ်းရေးကို ရှေးရှုလိုလားသူတစ်ဦးအဖြစ် ပြောင်းလဲလာသည်။

အလားတူ တစ်ချိန်က ကာကွယ်ရေးဝန်ကြီးအဖြစ် ဘီရွတ်စစ်ပွဲကို ဦးဆောင်ခဲ့ရုံမက အိုးအိမ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဘဝတွင် အစ္စရေးအသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသနှင့် ဂါဇာဒေသအတွင်း ဂျူးအခြေစိုက် လူနေအိမ်ရာများကို အလုံးအရင်းနှင့်တည်ဆောက်ခဲ့သူ အေရီယယ်ရှာရွန်သည် ဝန်ကြီးချုပ်ဖြစ်လာတော့ ကန့်ကွက်မှုများကြားမှပင် ဂျူးအခြေစိုက်လူနေအိမ်ရာများကို ပြန်လည်ဖယ်ရှားပစ်ခဲ့ပါသည်။

**ပြောင်းလဲလာသောသဘောထားနှင့် ငြိမ်းချမ်းရေးခြေလှမ်းများ**

တစ်ချိန်က စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ကြသည့် အစ္စရေးနိုင်ငံမှ ထိုထိုသော ခေါင်းဆောင်များ၏ ပြောင်းလဲလာသောသဘောထားနှင့် ငြိမ်းချမ်းရေးခြေလှမ်းများကို ငယ်ရွယ်စဉ်က အမေးပုစ္ဆာတစ်ပုဒ်လို ဝေခွဲမရဖြစ်ရသော်လည်း ယခုအသက်အရွယ်တွင် နားလည်သဘောပေါက်လာမိသည်။ အဖြေက Old Soldier Never Fight ဆိုသည့်နှယ် ဝါရင့်စစ်သားအိုကြီးများသည် စစ်၏ အနိဋ္ဌာရုံများကို ကိုယ်တိုင်ကိုယ်ကျ သိရှိနားလည်သဘောပေါက်သွားခဲ့ကြ၍ ဖြစ်ပါလိမ့်မည်။

သို့နှင့်အမျှ ငြိမ်းချမ်းရေးအတွက် အသက်စွန့်သွားခဲ့ရသည့် အီဂျစ်သမ္မတ ဆာဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ကို ပို၍အမှတ်ရလေးစားလာမိသည်။

အီဂျစ်သမ္မတ အန်ဝါဆာဒတ်သည် ၁၉၇၇–၁၉၇၈ ခုနှစ်ကာလအတွင်းက မဟာရန်ဘက် အစ္စရေးနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့မှုကြောင့် ၁၉၈၁ ခုနှစ်တွင် အစွန်းရောက်အုပ်စု၏ လုပ်ကြံသတ်ဖြတ်ခဲ့မှုကို ခံခဲ့ရရှာသည်။ စာမျက်နှာ ၇ သို့ ✤

✦ **သဘောထားတင်းမာသူများ၊ စစ်လိုလားသူ စစ်ဝါဒီများ၊** hard-liner **တရားသေ အမာဂိုဏ်းသားများ တွင်ကျယ်ကြီးစိုးသည်နှင့်အမျှ ခေတ်အဆက်ဆက် လူ့သမိုင်းတစ်လျှောက်တွင် ကြောက်စရာ စစ်မောင်းသံနှင့် စစ်ချီသံများကို မရပ်မနားကြားနေကြရပါဦးမည်**

✦ **သဘောထားပျော့ပျောင်းပြီး ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၊ ငြိမ်းချမ်းရေးကို ရှေးရှုသူ ငြိမ်းချမ်းရေးဝါဒီခေါင်းဆောင်များ ပိုမိုပေါ်ထွက်လာစေရန် ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများက ပိုမိုထောက်ခံအားပေးကြရပါမည်။ သို့မှသာ ကမ္ဘာ့ငြိမ်းချမ်းရေးသည် ပို၍အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာမည်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဖျော်ဖြေကပြကြမည့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်း ဗဟိုဌာန (၂) တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



### ကပြဖျော်ဖြေကြမည်

ထိုအခမ်းအနား၌ ပြည်နယ်ခုနစ်ခုမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ အကအလှများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်ရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များသည် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်သို့ ရောက်ရှိကြရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်ပြီး စာပေနှင့်ယဉ်ကျေးမှု မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များ၏ ကျန်းမာရေးကိစ္စရပ်များအတွက် ဆေးပေးခန်း၊ လိုအပ်သည့်ဆေးဝါးများထားရှိမှု အခြေအနေများနှင့် ဧည့်ခံကျွေးမွေးမည့် စားရိပ်သာအတွင်း အစားအသောက်များ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေတာရှည်မြို့နယ်တွင် မိုးစပါးများအောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်းချိန် အရောင်းအဝယ်ကောင်းမွန်

ရေတာရှည် အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စပါးအထွက်နှုန်း အထူးကောင်းမွန်လျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

လက်ရှိအောက်တိုဘာလဆန်းပိုင်းမှစ၍ ရက် ၁၀၀ ထိုင်းနံ့ကောက်စပါးမျိုးများကို စတင်ရိတ်သိမ်းလျက်ရှိပြီး မိုးဆက်လက်ရွာသွန်းနေခြင်းကြောင့် အခက်အခဲအချို့ရှိနေသော်လည်း ရက် ၁၂၀ မျိုးဖြစ်သော ဖျော့ထွန်းစပါးခင်းများအတွက် အောင်ရေရရန် လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

"မနှစ်ကကျတော့ မိုးခေါင်လို့ စပါးတွေ မအောင်လို့ တောင်သူတွေ အတော်များများရှုံးကြတယ်။ ဓာတ်မြေသြဇာဖိုး၊ ပိုးသတ်ဆေး ပေါင်းသတ်ဆေးဖိုးတွေ အကြွေးတွေတင်ကုန်တာ ဆောင်းရာသီမှာ



ပဲစိုက်ပြီး ပဲရောင်းရငွေကျမှ မိုးစပါးအကြွေးကျေတယ်။ ခုမိုးရာသီမှာတော့ မိုးကောင်းတယ် ပြောလို့ရတယ်။ စပါးခင်းတွေအောင်ရေအတွက် မပူရတော့ တောင်သူတိုင်းလိုလို စပါးတွေတော်တော်ကောင်းကြတယ်" ဟု တောင်သူတစ်ဦးက ပြောကြားသည်။ လက်ရှိမိုးစပါးများ ရိတ်သိမ်းရာတွင် တစ်ဧကလျှင် တင်း ၉၀ ဝန်းကျင်အထိ ထွက်ရှိသဖြင့် ယခင်က တင်း ၆၀ နှုန်းထက် များစွာပိုမိုသာလွန်သည့်အတွက် တောင်သူများ အဆင်ပြေကြသည်။ လက်ရှိပေါ်စ စပါးများကို ရောင်းချရာတွင် စက်ကျအစို စပါးတင်း ၁၀၀ လျှင် တင်းတောင်းဖြင့် ၁၃ သိန်း ၈ သောင်း၊ ကတ္တားဖြင့် ချိန်တွယ်ဝယ်ယူရာတွင် ၁၅ သိန်း ၅ သောင်း ပေါက်ဈေးဖြင့် ဝယ်ယူကြသည်ကို တွေ့ရှိရသည်။ စပါးစိုက်ပျိုးထားသည့် ကာလတစ်လျှောက် ထွန်ယက်စရိတ်၊ မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ လယ်ယာလုပ်သား ငှားရမ်းစရိတ်များက ယခင်ထက် ပိုမိုလာသည့်အပြင် လက်ရှိရိတ်ခြွေစက်ခမှာ တစ်ဧက ရိတ်သိမ်းစရိတ် ငွေကျပ် ၁၁၀၀၀၀၊ ၁၂၀၀၀၀ အထိ ပေးချေနေကြရသဖြင့် တောင်သူများအကြား သုံးသပ်ဝေဖန်မှုများလည်း ရှိနေသည်။ တောင်သူအများစုသည် စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရန် စပါးမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ရောဂါပိုးမွှားနှိမ်နင်းရေးနှင့် ပတ်သက်၍ အတွေ့အကြုံကောင်းများ ရှိနေခြင်းသည် စိုက်ပျိုးရေးကဏ္ဍအတွက် များစွာအထောက်အကူရရှိနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့

❖ တိုင်းရင်းသားချင်း၊ စည်းလုံးခြင်းဖြင့် . . .
သွေးသားချင်းချင်း၊ ချစ်ကြည်ခြင်းဖြင့် . . .
ညီနောင်ချင်းချင်း၊ နားလည်ခြင်းဖြင့် . . .
မိသားစုချင်း၊ ခွင့်လွှတ်ခြင်းဖြင့် . . .
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာတို့
မြန်မာပြည်သူ၊ ဆောင်ကြဉ်းယူလျက်
များလူခပ်သိမ်း
ငြိမ်းချမ်းစေဖို့ ကြိုးပမ်းစို့။

❖ အညာအကြေ၊ တောင်ပေါ်မြေပြန့်
ဒေသမခြား၊ ဒို့သွေးသားတို့
သွားလမ်းလည်းသာ၊ လာလမ်းလည်းဖြောင့်
အမှောင့်လည်းကင်း၊ အေးချမ်းခြင်းကို
မြူကင်းတိမ်ဖယ်၊ အမြင်ကျယ်လျက်
ရင်ဝယ်ထက်သန်၊ ဆန္ဒမှန်ဖြင့်
မြန်ပြည်ခပ်သိမ်း
ငြိမ်းချမ်းစေဖို့ ကြိုးပမ်းစို့။

❖ ဒီမြေမှာနေ၊ ဒီရေကိုသုံး
ဒို့အားလုံးသည်
နှလုံးကြည်စွာ၊ အပြုံးညီညာ
ဒို့ပြည် ဒို့အမျိုး၊ ရေရှည်အကျိုးတွက်
ကြိုးပမ်းကြစို့ ငြိမ်းချမ်းဖို့။

❖ အို . . . ချစ်ဆွေငဲ့
ချစ်ခြင်းတရားနဲ့ ပြည်ထောင်စုကို
ရည်ဆောင်လို့
တည်ထောင်စို့
ညီနောင်တို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

("NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့" ရည်မျှော်ဂုဏ်ပြုစပ်ဆိုပါသည်။)

❖ စာမျက်နှာ ၆ မှ

ထို့အတူ အာရပ် – အစ္စရေး ခြောက်ရက်စစ်ပွဲကာလအတွင်းက အစ္စရေးကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့သူ ဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်သည် ၁၉၉၃ ခုနှစ် အောစလိုငြိမ်းချမ်းရေးသဘောတူညီချက်အရ အစ္စရေးနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ ပီအယ်လ်အိုကို တရားဝင်အဖွဲ့အစည်းတစ်ရပ်အဖြစ် အသိအမှတ်ပြုပြီး ပီအယ်လ်အိုခေါင်းဆောင် ယာဆာအာရာဖတ်ကိုလည်း ပါလက်စတိုင်းလူမျိုးခေါင်းဆောင်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တကွ အသိအမှတ်ပြုခဲ့သည့်အတွက် ၁၉၉၅ ခုနှစ်တွင် အစွန်းရောက်အစ္စရေးလူငယ်တစ်ဦး၏ သေနတ်နှင့်အနီးကပ်လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် ကွယ်လွန်ခဲ့ရရှာပါသည်။

စစ်၏အနိဋ္ဌာရုံများ ချုပ်ငြိမ်းပပျောက်ပြီး ဒေသအတွင်း ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားစေရန် ငြိမ်းချမ်းရေးအကျိုးကိုဆောင်ရင်း မသမာသူအစွန်းရောက်သမားများ၏ လက်ချက်ကြောင့် ငြိမ်းချမ်းရေးအတွက် အသက်ပေးဆပ်ခဲ့ရသည့် ဆာဒတ်နှင့် ရာဘင်တို့အား ငြိမ်းချမ်းရေးကို လိုလားသူ ကမ္ဘာ့ပြည်သူများအနေဖြင့်လည်း အောက်မေ့အမှတ်ရနေကြမည်ဖြစ်ပါသည်။

သို့ရာတွင် သဘောထားတင်းမာသူများ၊ စစ်လိုလားသူ စစ်ဝါဒီများ၊ hard-liner တရားသေအမာဂိုဏ်းသားများ တွင်ကျယ်ကြီးစိုးသည်နှင့်အမျှ ခေတ်အဆက်ဆက် လူ့သမိုင်းတစ်လျှောက်တွင် ကြောက်စရာစစ်မောင်းသံနှင့် စစ်ချီသံများကို မရပ်မနား ကြားနေကြရပါဦးမည်။

သို့နှင့်အမျှ သဘောထားပျော့ပျောင်းပြီး ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၊ ငြိမ်းချမ်းရေးကိုရှေးရှုသူ ငြိမ်းချမ်းရေးဝါဒီခေါင်းဆောင်များ ပိုမိုပေါ်ထွက်လာစေရန် ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများက ပိုမိုထောက်ခံအားပေးကြရပါမည်။ သို့မှသာ ကမ္ဘာ့ငြိမ်းချမ်းရေးသည် ပို၍အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာမည်ဖြစ်ပေသည်။ ။

# ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနရုံးများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများတွင် ၁၄-၈-၂၀၂၃ ရက်နေ့မှစ၍ MEVM စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များကို ရှင်းလင်းပြသခြင်း၊ ဝန်ကြီးဌာနများရှိ ဝန်ထမ်းများအား ကိုယ်တိုင်လက်တွေ့မဲပေးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူများ MEVM စက်အသုံးပြု၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် MEVM စက်အသုံးပြု မဲပေးပုံနည်းစနစ်များ ရှင်းလင်းသရုပ်ပြသခြင်းကို အောက်ဖော်ပြပါ မြို့နယ်များတွင် ယှဉ်တွဲပါနေ့ရက်များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြို့နယ် | နေ့ရက် | နေရာ |
|---|---|---|---|
| (က) | ဥတ္တရသီရိ | ၁၁-၁၀-၂၀၂၃ မှ ၁၃-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ခ) | ပုဗ္ဗသီရိ | ၁၇-၁၀-၂၀၂၃ မှ ၂၀-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဂ) | ဇေယျာသီရိ | ၂၃-၁၀-၂၀၂၃ မှ ၂၇-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဃ) | တပ်ကုန်း | ၃၁-၁၀-၂၀၂၃ မှ ၆-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (င) | ပျဉ်းမနား | ၇-၁၁-၂၀၂၃ မှ ၁၃-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (စ) | ဒက္ခိဏသီရိ | ၁၄-၁၁-၂၀၂၃ မှ ၁၇-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဆ) | လယ်ဝေး | ၂၀-၁၁-၂၀၂၃ မှ ၂၄-၁၁-၂၀၂၃ | မြို့နယ်စည်ပင်ခန်းမ |
| (ဇ) | ဇမ္ဗူသီရိ | ၂၈-၁၁-၂၀၂၃ မှ ၃၀-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |

၃။ ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အထက်ဖော်ပြပါ နေ့ရက်များတွင် MEVM စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များ ရှင်းလင်းပြသခြင်းအား လာရောက်လေ့လာနိုင်ပါကြောင်းနှင့် ကိုယ်တိုင်လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ယနေ့တွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ နယ်မြေတည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် သစ်တွန်ကျေးရွာအုပ်စု ဘိုတဲကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံရွာသူ ရွာသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်း၍ ကျေးရွာတွင်း သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် အခြားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဖလောင်းကျေးရွာသို့ ရောက်ရှိပြီး ဖလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများအနေဖြင့် အသိပညာဗဟုသုတများ ပြည့်ဝရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်ကလေးငယ်များကို အတန်းပညာအပြင် အသိပညာ၊ အတတ်ပညာရပ်များကိုလည်း သင်ကြားပေးစေလိုကြောင်း၊ ကလေးငယ်များ အနာဂတ်ရည်မှန်းချက်များ ကိုယ်စီရရှိ၍ ဒေသကို ပြန်လည်အကျိုးပြုနိုင်သည့် ပညာတတ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်မွေးထုတ်ပေးစေလိုကြောင်းနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ဖလောင်းကျေးရွာရှိ သုဓမ္မဝတီကျောင်းတိုက်၌ သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပျဉ်းမနားမြို့နယ်အတွင်းရှိတောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေပြန့်နှင့် တောင်ပေါ်ဒေသ၊ ကျေးလက်နှင့် မြို့ပြဒေသ လူနေမှုအဆင့်အတန်းကွာခြားမှု နည်းပါးစေရေး ရည်ရွယ်၍ အဓိကထား ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌လည်း ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်ရေးတို့ကို အဓိကထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသခံပြည်သူများအတွင်းမှ မျိုးဆက်သစ်ပညာတတ်များ မွေးထုတ်ပေးနိုင်မှသာ မိမိဒေသကို ပြန်လည်အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် တောင်ပေါ်ဒေသနေ ပြည်သူလူထုစာတတ်မြောက်ရေးအတွက်လည်း မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း မိမိဒေသလိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြစေလိုကြောင်း၊ သို့မှသာ မိမိအနေဖြင့် အထက်အကြီးအကဲများသို့တင်ပြ၍ ဘဏ္ဍာနှစ်များ လျာထားသတ်မှတ်ပြီး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိပြီး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သစ်တွန်ကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပန်းပေါင်းစုံ ဘုရားဆင်းတုတော်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆိုလာပြားများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kit များ၊ အသက် ၈၅ နှစ်နှင့်အထက် သံဃာတော်နှင့် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများနှင့် ပန်းခင်းစီမံချက်(၂) ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်း ပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား သစ်တွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဖလောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နေပြည်တော် လမ်းဦးစီးဌာနက ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

# သီပေါ၌ လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြော



**သီပေါ အောက်တိုဘာ ၁၀**

သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း ဦးစီးစီမံမှုဖြင့် သီပေါမြို့ အမှတ် (၂) အထက်တန်းကျောင်းခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့မရဲစခန်းမှူး ဒုရဲမှူးရဲဝင့်မိုးက မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (ကျောက်မဲ)မှ ဒုရဲမှူးကျော်စိုးမိုးက လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင် ၁၀၀ ကို ဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**၂၁၀**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့နှင့် လှည်းကူးမြို့တို့မှ ရေဘေးသင့်ပြည်သူများအား သွားရောက် ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြို့သစ်ရပ်ကွက် ပုညကာရီ ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ အိမ်ထောင်စု ၂၄၅ စု၊ လူဦးရေ ၁၀၉၉ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၃၀၇၉၀၀၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များ ထောက်ပံ့ပြီး ရေဘေးရှောင်ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျော်ကြီးစုတာမှ ရေလျှော့ကျသွားမှု အခြေအနေများကိုလည်းကောင်း၊ မြို့ဦးကင်းတံတားသို့ သွားရောက်ကာ မြို့အတွင်း ရေဝင်ရောက်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပညာမွန် ပရိယတ္တိစာသင်တိုက် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၂၈ စုမှ လူဦးရေ ၁၀၁၉ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၂၁၃၉၉၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များ ထောက်ပံ့၍ ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေပြီး အားပေးစကား ပြောကြားသည်။

ပဲခူးမြို့၌ ယနေ့အထိ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၄၁ ခုမှ ရေဘေးသင့်အိမ်ထောင်စု ၄၆၀၁ စု၊ လူဦးရေ ၁၉၀၀၉ ဦးအတွက် စုစုပေါင်းဆန်ရိက္ခာဖိုးငွေကျပ် ၃၉၉၁၈၉၀၀ နှင့် ခေါက်ဆွဲခြောက်နှင့် ရေသန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၇၁၁၇၀၀ ထောက်ပံ့ပေးအပ်ပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိ



သူများနှင့် လှည်းကူးပညာရေး ဒီဂရီကောလိပ်တွင်တွေ့ဆုံ၍ ငမိုးရိပ်ချောင်းရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် လှည်းကူးမြို့၌ ရေကြီးရေလျှံဖြစ်ပေါ်နေမှုအခြေအနေ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာ့အားမာန်ခန်းမအတွင်း ယာယီလာရောက် ခိုလှုံလျက်ရှိကြသော ရေဘေးရှောင်အိမ်ထောင်စု ၃၆၉ စုမှ ရေဘေးသင့်ပြည်သူ ၁၂၀၀ အတွက် စုစုပေါင်းဆန်ရိက္ခာဖိုး ငွေကျပ် ၂၅၂၀၀၀၀ ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**

# ပဲခူးမြို့ရှိ ဇလပ်ထော်ရေလှောင်တမံ ရေပိုလွှဲ ရေကျော်ပျက်စီးခဲ့မှုအား ပြင်ဆင်နိုင်ရေး ဆောင်ရွက်

**ပဲခူး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ဇလပ်ထော် ရေလှောင်တမံ ရေပိုလွှဲ ရေကျော်ပျက်စီးခဲ့မှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဇလပ်ထော်တမံအတွင်း မိုးရေဝင်ရောက်မှုများပြားခဲ့သဖြင့် ရေပိုလွှဲ ရေကျော်ခဲ့ပြီး မြေသားဘေးပေါင်များ တစ်ဖက်လျှင် ၂၅ ပေခန့် ရေတိုက်စားပျက်စီးခဲ့မှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပိုလွှဲပေါင်များ ထပ်မံတိုက်စားပျက်စီးမှုမရှိစေရေးနှင့် ရေတိုက်စားမှု ရေအားအရှိန်လျှော့ချနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရေး သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ အရှေ့ဘက် မြို့ရှောင်လမ်းပေါ် ရေကျော်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေအန္တရာယ်ရှိသောနေရာများတွင် လမ်းညွှန်အမှတ်အသားများတပ်ဆင်ရန်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီကယ်ဆယ်ရေးပရဟိတအသင်းများ ပူးတွဲထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ရွှေမော်ဓော‌ဘုရား ယာဉ်ရပ်နားဝင်း၌ မြို့နယ်များမှ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး စက်တပ်ရေယာဉ်များ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရပ်ကွက်/ကျေးရွာများသို့ ချက်ခြင်းဖြန့်ခွဲဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကာ လိုအပ်သည့် စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ပဲခူးမြို့တို့ရှိ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ကျောက်ကုတင်ကျေးရွာအုပ်စု ကဒစ်ကျေးရွာ၊ မှော်ဘီမြို့နယ် မြောင်းတကာ ကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအုပ်စု စပါးကိုင်းကျေးရွာတို့၌ အောက်တိုဘာ ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံ တပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်သည့် နေရာများနှင့် ယာယီကယ်ဆယ်ရေး စခန်းများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ မော်တော်ယာဉ်များသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့တွင် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့် ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြို့၏ စိုးရိမ်ရေမှတ် အထက် ၁၁၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မံစီမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားမှု အခြေအနေ ကွင်းဆင်းကြည့်ရှု

**မံစီ အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် မံစီမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန်ဝိန်းလေး ကျေးရွာဝိန်းရတနာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး အထွက်နှုန်းကောင်းမွန်ရေးနှင့် ပျက်စီးလေလွင့်မှုနည်းပါးရေး ဆောင်ရွက်သွားရန်ပြောကြားခဲ့သည်။ အဆိုပါ အသင်း၌ အသင်းသားတောင်သူ ၇၁ ဦး၊ စိုက်ဧက ၁၅၀ ရှိပြီး ဆင်းကေရီ ၃ စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

နေပြည်တော်အတွင်း တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရန်၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာများ ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများနှင့် ပဲအမျိုးမျိုးကို ဒေသနှင့်ကိုက်ညီသည့် မျိုးများအသုံးပြုပြီး ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်အတွင်း သား၊ ငါးကဏ္ဍဖူလုံရန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တာဝန်ရှိသူများအား မှာကြားသည်။



အစည်းအဝေးသို့ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် သွင်းအားစုများကို ဈေးနှုန်းသက်သာပြီး အပြည့်အဝရရှိရေးကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ MSMEs လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရရှိနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်ခြင်းစသည့်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သောကြောင့် ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးစပါးစိုက်ပျိုးနေမှုအခြေအနေ၊ မြို့နယ်များရှိ စပါး ကြိတ်ခွဲစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် သီးနှံများစွမ်းအားပြည့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများ၊ နွေစပါးသီးနှံများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့်အစီအမံများ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်မှုအခြေအနေ၊ စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေ၊ ဒေသတွင်း ငါးရိက္ခာဖူလုံစေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ငါးကန်များ တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်နေမှု၊ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ (မန္တလေး-နေပြည်တော်လမ်းပိုင်း)တိုးဂိတ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုးဂိတ်များတွင် လမ်းအသုံးပြုခ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ တာဝန်ထမ်းဆောင်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် လမ်းဦးစီးဌာန စက်မှုဌာနခွဲ ယန္တရားတပ်ခွဲ (မြောက်) လက်ထောက် ညွှန်ကြားရေးမှူး (စက်မှု)ရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်မှုယန္တရားဝန်ထမ်းများအနေဖြင့် လမ်း၊ တံတား၊ အဆောက်အဦ လုပ်ငန်းများ အောင်မြင်ရန် မရှိမဖြစ်လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ စိတ်ဓာတ်မြင့်မားစေရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်၊ ဌာနအတွင်း အခက်အခဲများရှိပါက တင်ပြရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်း (မန္တလေး-နေပြည်တော်လမ်းပိုင်း)ရှိ တံခွန်တိုင်တိုးဂိတ်၊ အိုးထုတ္တာန်း တိုးဂိတ်တို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေးနှင့် ရသင့်ရထိုက်သည့် ဝင်ငွေအပြည့်အဝရရှိရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ(မန္တလေး-နေပြည်တော်လမ်းပိုင်း) စကားအင်းတိုးဂိတ်၊ ပြင်စည်တိုးဂိတ်၊ ကံကောင်းတိုးဂိတ်၊ သီးကုန်းတိုးဂိတ်၊ ပေပင်လေးတိုးဂိတ်၊ ပန်းတင်တိုးဂိတ်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေး

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့တွင် နှောကုန်း(တောင်) ကျေးရွာနေပြည်သူ ၁၁၇ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၄၀ ပြန်လည်၍ ထုတ်ချေးပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ချေးငွေများပြန်လည်ထုတ်ချေးပေးရာတွင် မှော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့်ဝန်ထမ်းများက နှောကုန်း(တောင်) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း ၁၁၇ ဦးတို့ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၄၀ ထုတ်ချေးပေးခဲ့ကြပြီး မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နှောကုန်း(တောင်)ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းကိုနိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလအထိ ချေးငွေကျပ်သိန်း ၃၄၀၊ အတိုးရငွေကျပ် ၄၇ သိန်းဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# မိတ္ထီလာမြို့ ပြည်သာယာဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

မိတ္ထီလာ အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မိတ္ထီလာမြို့ ပြည်သာယာဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချသည်။



အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့်အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ၎င်းပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချစေရေးနှင့် ပလတ်စတစ်သုံးစွဲမှုကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော

# ကိုယ့်အလုပ် ကိုယ်မလုပ် အရှုပ်ဖွ မီးတစ်စ ဘီအန်ပီ

ဘင်္ဂလားဒေ့ရှ်နိုင်ငံက အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BNP(Bangladesh Nationalist Party) ဟာ ၃-၉-၂၀၂၃ ရက်နေ့က Rhohingya Crisis and Repatriation Seminor ဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ သူတို့အခေါ် ရိုဟင်ဂျာ (ယခုဆောင်းပါးမှာတော့ တရားမဝင်အခေါ် ရိုဟင်ဂျာအစား တရားဝင်အမည် ဘင်္ဂါလီလို့ပဲ တောက်လျှောက်ရေးသား သုံးစွဲသွားပါ့မယ်) အကျပ်အတည်းနဲ့ နေရပ်ပြန်နိုင်ရေးအတွက် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး အဆိုပြုချက် ၁၆ ချက်နဲ့ပတ်သက်ပြီး သတင်းဆောင်းပါးတစ်ခုမှာ ဖော်ပြပါရှိတာကို ဖတ်ရှုလိုက်ရပါတယ်။

မိုးမြင့်

**"အတိုက်အခံ BNP ပါတီရဲ့ အဆိုပြုချက် ၁၆ ချက်ထဲမှာ မြန်မာနိုင်ငံ အနောက်ဘက်ကို ARSA ဦးဆောင်ပြီး ဘင်တွေစနစ်တကျနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျူးကျော်တိုက်ခိုက်ခံခဲ့ရတဲ့ နယ်မြေရဲစခန်း ၃၀ ကျော်ရဲ့ အချုပ်အခြာချိုးဖောက်ခံရတဲ့ ဖြစ်အင်တွေ၊ တိုက်ခိုက်သတ်ဖြတ်ခံခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှု ချိုးဖောက်ခံနေရဆဲဖြစ်တဲ့ ရခိုင်နဲ့ ဟိန္ဒူ၊ မြို၊ ခမီ၊ ဒိုင်းနက်မျိုးနွယ်စုတွေရဲ့ ဆိုးဆိုးရွားရွားအဖြစ်သနစ်တွေကို ဘာတစ်ခုမှ မဖော်ပြခဲ့ခြင်းဟာ ရိုးသားမှုမရှိ၊ ကောက်ကျစ်တဲ့ BNP ရဲ့ သရုပ်သကန်ပါပဲ"**

**ဖန်တီးနေကျ နိုင်ငံရေးကစားကွက်တစ်ခုသာ**

ဆိုရရင် BNP ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကို လက်ရှိဦးဆောင်နေတဲ့ ရှိတ်ဟာစီနာရဲ့ အဝါမီလိဂ်ပါတီကို အတိုက်အခံလုပ်နေတဲ့ပါတီပါ။ လာမယ့် ရွေးကောက်ပွဲမှာ အဝါမီလိဂ်ကို အနိုင်ယူပြီး လက်ရှိအာဏာရပါတီ အင်အားနည်းသွားစေဖို့ ဖန်တီးနေကျ နိုင်ငံရေးကစားကွက်တစ်ခုထက် မပိုဘူးလို့လည်း ယူဆမိပါတယ်။

မြန်မာနိုင်ငံသမိုင်းမှာမရှိတဲ့ လူမျိုးအရေးကို သူ့ပြည်တွင်းနိုင်ငံရေးထဲ ဆွဲသွင်းဖို့ ကြံစည်နေခြင်းဖြစ်နိုင်မယ်လို့ သုံးသပ်ပါတယ်။ ဘင်္ဂါလီတွေနဲ့ ပတ်သက်ပြီး လက်ရှိ ရှိတ်ဟာစီနာအစိုးရကိုရော မြန်မာနဲ့ ဆက်ဆံရေးအပါအဝင် နှစ်နိုင်ငံအစိုးရတွေရဲ့ လက်ရှိဆောင်ရွက်ချက်တွေအပေါ်မှာပါ ဝေဖန်တိုက်ခိုက်ချင်ပုံရပါတယ်။ BNP အတိုက်အခံတွေဟာ သူတို့သာအာဏာရလာရင် ဘင်္ဂါလီအရေးကို နိုင်ငံရဲ့ အမျိုးသားရေးတစ်ရပ်နဲ့ရော အရေးကြီးတဲ့ နိုင်ငံခြားရေးမူဝါဒတစ်ရပ်အနေနဲ့ပါ ပုံဖော်သွားမယ်ဆိုတာကို အခုကတည်းက လေသံပစ်နေခြင်းဖြစ်ပါတယ်။

သူတို့က ယခုလိုရှုပ်ထွေးပွေလီနေတဲ့ အရှုပ်အထွေးကြီးအတွက် အပြုသဘောမဆောင်တဲ့ အဖြေတစ်ခုကို မရမက ထုတ်ချင်နေပုံရပါတယ်။ ဒါပေမဲ့ အစဉ်အဆက်နိုင်ငံရေးပယောဂတွေပါပြီး လူမျိုးရေးနဲ့ ဘာသာရေးဦးစားပေး အစွန်းရောက် အယူအဆတွေနဲ့ အဖြစ်မှန်ကို အခြေမခံ၊ သတင်းမှားတွေအပေါ်မှာသာ အခြေခံထားတဲ့အဖြေဟာ အစစ်အမှန် ဘယ်လိုမှဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့ပဲ မြင်ပါတယ်။ ရှင်းရှင်းလေးပါ။ မမှန်ကန်တဲ့ လူမျိုးတုံးရှင်းလင်းရေး တစ်ဖက်သတ်ရပ်တည်ချက်ကို ကိုင်စွဲနေသရွေ့ ဘယ်တော့မှ အဖြေမှန်မထွက်နိုင်ဘူးဆိုတာ. . . . .။

**မြန်မာဘက်က**
**အပြုသဘောရပ်တည်ချက်ရှိပြီးဖြစ်**

**မြန်မာနိုင်ငံတော်အစိုးရနဲ့ မြန်မာဘက်က ဆောင်ရွက်ချက်တွေအပေါ် သူတို့တွေရဲ့ တုံ့ပြန်ပုံနဲ့ သဘောထားတွေဟာ အမြဲလိုလို မှန်ကန်ခြင်းမရှိခဲ့ပါဘူး။ ဘင်္ဂါလီတွေကို သတ်တယ်။ သားမယားပြုကျင့်တယ်။ ရွာလုံးကျွတ်မီးရှို့တယ်။ ပြန်ပေးဆွဲခြိမ်းခြောက်တယ် စတဲ့ အခြေအမြစ်မရှိ စွပ်စွဲချက်တွေ ထုတ်လွှင့်ပြီး ဘင်္ဂါလီတွေကို ဒုက္ခသည်တွေအဖြစ် ဖန်တီး၊ မျောက်ပြဆန်တောင်းဘဝအရောက်ခံရတဲ့ ဘင်္ဂါလီတွေဟာ ထိုးကျွေးခံနေရခြင်းသာဖြစ်တယ်လို့ ပြောရမှာဖြစ်တယ်။**

**မြန်မာဘက်ကတော့ ပြန်လည်ခေါ်ယူမယ့် အထောက်အထားခိုင်လုံတဲ့ ဘင်္ဂါလီအရေအတွက်ကို သတ်မှတ်ပြီးဖြစ်တဲ့အတွက် အပြုသဘောဆောင်ပါတယ်။ ဘင်္ဂါလီ ၁၁၇၆ ဦးကို ပြန်လည်ခေါ်ယူပြီး မောင်တောမှာ နေရာချပေးသွားမယ့် အစီအစဉ်ရှိပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဘင်္ဂါလီဒုက္ခသည်တွေအတွက် နိုင်ငံတကာ အလှူငွေတွေကို မျက်စိကျနေဖွယ်ရှိနေတဲ့ BNP က မြန်မာဘက်က ထိုဆောင်ရွက်ချက်ကို ထောင်ချောက်တစ်ခုဖြစ်တယ်လို့ သဘောထားနေခြင်းဟာ အဆိုးမြင်သက်သက်ပဲလို့ပဲ မှတ်ယူရပါလိမ့်မယ်။**

**ရိုးသားမှုမရှိ မဖြောင့်မတ်သော**

အပြည်ပြည်ဆိုင်ရာတရားရုံး ICJ မှာ တရားစွဲတဲ့ကိစ္စ၊ စကတည်းက တရားမစွဲသင့်တဲ့ကိစ္စကို တရားမစွဲသင့်ကြောင်း ကန့်ကွက်လွှာ တင်သွင်းခဲ့ပြီးဖြစ်တယ်။ တရားစွဲခဲ့တဲ့ အာဖရိကမှ ဂမ်ဘီယာဟာ မြန်မာမှာဖြစ်ခဲ့တဲ့ ဘင်္ဂါလီအရေးအခင်းနဲ့ ပတ်သက်ပြီး ကိုယ်ကျိုးစီးပွား ထိခိုက်တဲ့နိုင်ငံလည်း မဟုတ်ပါဘူး။ အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) နောက်ကွယ်က ခိုင်းတဲ့အတိုင်းလုပ်ရတဲ့ ခိုင်းဖတ်သာသာရဲ့ တရားစွဲတဲ့ကိစ္စကို ICJ က လက်ခံခဲ့ကတည်းက သူ့စည်းသူ့ကမ်း၊ သူ့ articles တွေကို ကိုယ်တိုင်ချိုးဖောက်ခဲ့တဲ့ ICJ ဖြစ်သွားပါပြီ။

**အတိုက်အခံ BNP ပါတီရဲ့ အဆိုပြုချက် ၁၆ ချက်ထဲမှာ မြန်မာနိုင်ငံ အနောက်ဘက်ကို ARSA ဦးဆောင်ပြီး ဘင်တွေစနစ်တကျနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျူးကျော်တိုက်ခိုက်ခံခဲ့ရတဲ့ နယ်မြေရဲစခန်း ၃၀ ကျော်ရဲ့ အချုပ်အခြာချိုးဖောက်ခံရတဲ့ ဖြစ်အင်တွေ၊ တိုက်ခိုက်သတ်ဖြတ်ခံခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှု ချိုးဖောက်ခံနေရဆဲဖြစ်တဲ့ ရခိုင်နဲ့ ဟိန္ဒူ၊ မြို၊ ခမီ၊ ဒိုင်းနက်မျိုးနွယ်စုတွေရဲ့ ဆိုးဆိုးရွားရွား အဖြစ်သနစ်တွေကို ဘာတစ်ခုမှ မဖော်ပြခဲ့ခြင်းဟာ ရိုးသားမှုမရှိ၊ ကောက်ကျစ်တဲ့ BNP ရဲ့ သရုပ်သကန်ပါပဲ။**

ဒါကြောင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမိုင်းမှာ ရွေးကောက်ပွဲတိုင်းရှုံးနိမ့်၊ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၈ ရွေးကောက်ပွဲမှာ ၁၃ ရာခိုင်နှုန်းသာ မဲရခဲ့ပြီး ပါလီမန်မှာ ခုနစ်နေရာသာ ရရှိခဲ့ခြင်းဟာ မထူးဆန်းသလိုဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမိုင်းမှာ အစဉ်အလာကြီးမားခဲ့တဲ့ အတိုက်အခံပါတီကြီးတစ်ခုလို့ ပြောဆိုသတ်မှတ်ရလောက်အောင်ကို အခွင့်အလမ်းမရှိတဲ့ ပါတီတစ်ခုအဖြစ် မှတ်ယူပါတယ်။

**တစ်ကျိတ်တည်းတစ်ဉာဏ်တည်း**
**မီးမွှေးမယ့်စနက်တံ**

ယခုလို မမှန်မကန်အချက်တွေက သိပ်ကို လူသားဆန်ပါတယ်။ လစ်ဘရယ်ဆန်ပြီး လူ့အခွင့်အရေးကို ရှေ့တန်းတင်ပါတယ်ဆိုတဲ့ ကမ္ဘာ့နိုင်ငံတချို့နဲ့ အာဆီယံကို စည်းရုံးဖို့ကြိုးစားလာခြင်းဟာ ကမ္ဘာကြီးကို အကွဲကွဲအပြားပြားဖြစ်အောင်နဲ့ အာဆီယံကိုလည်း ညီညွတ်မှုပြိုကွဲအောင် လုပ်လိုက်သလို ဖြစ်စေတယ်ဆိုတဲ့ အချက်ကိုတော့ သတိပြုမိဖို့လိုပါတယ်။

၂၀၁၂ ခုနှစ်လောက်ကတည်းက ဘင်အရေးလှုပ်ရှားမှုကို ကြီးထွားလာအောင် ဘင်နိုင်ငံရေးသမားတွေက စခဲ့ကြတာကို အမှတ်ရနေဖို့လိုပါတယ်။ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဘင်သုံးပွင့်ဆိုင်ကြားမှာ လူမျိုးရေးပြဿနာဖန်တီးပြီး ကမ္ဘာ့ပြဿနာကြီးဖြစ်လာအောင် လူနည်းစု ဘင်အရေးဆိုပြီး အမြဲဇာတ်နာအောင် လုပ်နေကြသူတွေထဲမှာ ယခုလို BNP ပါဝင်လာခြင်းက သူ့ပါတီအကျိုးစီးပွားနဲ့လည်း ဆက်စပ်နေပါတယ်။

ယခုလို ဆွေးနွေးပွဲလုပ်၊ အဆိုပြုချက်တွေ ထုတ်ပြန်လိုက်ခြင်းဖြင့် BNP ဟာ မြန်မာပြည်သူတွေကို အမြဲမငြိမ်းချမ်းအောင်လုပ်နေတဲ့ OIC၊ ဂျော့ဆိုးရော့ဖ်နဲ့ အနောက်အုပ်စု၊ ARU လို့ခေါ်တဲ့ Arakan Rohingya Union၊ ICG International Crisis Group၊ HRW Human Right Watch တို့နဲ့ တစ်ကျိတ်တည်း တစ်ကြံတည်းဖြစ်ကြောင်း ပြသနေပါပြီ။ မှတ်ထားရမှာက ဘင်တွေဟာ သူတို့ကိုယ်ပိုင်ခွဲထွက်နယ်မြေတစ်ခုကို အသည်းအသန်လိုချင်နေတယ်။ ဖြစ်နိုင်ရင် သီးခြားနိုင်ငံတစ်နိုင်ငံအထိ ထူထောင်ချင်ကြတယ်။ ဒီထက်ဖြစ်နိုင်ရင် ရခိုင်ပြည်နယ်တစ်ခုလုံးအထိ သိမ်းပိုက်ချင်ကြသူတွေပါ။ ဒါကြောင့်လည်း သမိုင်းမှာ မရှိဘူးတဲ့ "ရို"ဆိုတဲ့အမည်ကို ဖန်တီးယူပြီး ကိုယ်ပိုင်လက္ခဏာ၊ ကိုယ်ပိုင်အသွင်အပြင်ဖြစ်အောင် အတင်းလုပ်ယူနေခြင်းဖြစ်ပါတယ်။ (ရိုဟင်ဂျာမှသည် အာရကန်ဒေ့ရှ်) ဆိုတာ ဘင်တွေ၊ ဘင်ခေါင်းဆောင်တွေရဲ့ မဟာအိပ်မက်ပါပဲ။ ယခုတစ်ကြိမ် BNP ရဲ့ အဆိုပြုချက် ၁၆ ချက်ဟာ ဘင်တွေရဲ့ နှစ်ရှည်အိပ်မက်ကို အကောင်အထည်ဖော်မယ့် စနက်တံတစ်ခု မီးမွှေးမယ့် အခွင့်အလမ်းတစ်ခုအဖြစ် မြင်ကြဖို့လိုပါတယ်။

**သမိုင်းကိုမမေ့ပါနဲ့**

သူတို့ရဲ့ အဆိုပြုချက်များထဲမှာ Genocide ကိစ္စကြီးက ပါတုန်းပါပဲ။ သူတို့အကွက်ဆင်ပြီး Genocide အတုဖန်တီးလုပ်ယူပြီး မီးမွှေးခဲ့ကြတယ်၊ ဒါနဲ့ပဲ ရခိုင်ပြည်နယ်ကို ဖျက်ဆီးဖို့ကြံခဲ့ကြတယ်။ လွတ်လပ်ရေးသမိုင်းနဲ့အတူ ဘင်တွေသတ်လို့ သေခဲ့ရတဲ့ ရခိုင်လူမျိုးတွေ၊ ဘင်တွေဖျက်ဆီးလို့ ရာချီပျက်စီးခဲ့ရတဲ့ ရခိုင်ရွာတွေရဲ့သမိုင်းကို အိမ်နီးချင်းနိုင်ငံက BNP သိဖို့လိုသလို ယခုလည်း ရခိုင်လူမျိုးတွေ အသတ်ခံနေရဆဲပဲဆိုတာ တို့နိုင်ငံက GenZ နဲ့ တချို့လက်နက်ကိုင်အဖွဲ့တွေလည်း သိထားရမှာဖြစ်တယ်။

သူတို့ဟာ မြန်မာနိုင်ငံကို ဖျက်ဆီးဖို့ အမြဲကြံစည်နေခဲ့ကြသူတွေသာဖြစ်တယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလက မောင်တောနဲ့ ရသေ့တောင်မှာရှိတဲ့ ကျီးကန်းပြင်၊ ငါးခူရနဲ့ ကိုးတန်ကောက် ရဲစခန်းဌာနချုပ်တွေနဲ့ ရဲစခန်းတွေကို ARSA အင်အား ရာနဲ့ချီ တိုက်ခိုက်ခဲ့တဲ့အတွက် လဝကဝန်ထမ်းအပါအဝင် ရဲတပ်ဖွဲ့ဝင်တွေ ကျဆုံးဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်တွေ၊ ကိုယ့်ရွာ ကိုယ်ပြန်မီးရှို့ပြီး ဟိန္ဒူရွာတွေကိုပါ မီးရှို့ခဲ့တဲ့ ဘင်တွေရဲ့ စနစ်တကျလုပ်ကြံဖြစ်စဉ်တွေကို BNP အနေနဲ့ မျက်စိပိတ်၊ နားပိတ်မဖြစ်သင့်ဘူးလို့ ယူဆပါတယ်။

ဟိန္ဒူဘာသာဝင် အယောက် ၁၀၀ ကျော် အစုလိုက်၊ အပြုံလိုက် ရက်ရက်စက်စက် အသတ်ခံခဲ့ရပြီး ဟိန္ဒူအမျိုးသမီးတွေ ဘင်္ဂလားဒေ့ရှ်ထဲခေါ် အတင်းအကျပ်ဘာသာပြောင်းခံခဲ့ရတယ်။ Genocide နဲ့ ခွဲထွက်ခွင့်ကို ဆက်စပ်ထားပြီး အဆုံးမှာ ဂျီဟတ်စစ်ပွဲဆင်နွှဲလို့ရတဲ့အထိ ပုံဖော်သွားမယ်လို့လည်း သိထားကြပါတယ်။ ဒါ့အပြင် အကြမ်းဖက်အားပေး အမေရိကန်ရဲ့ Burma Act ကို ကြိုဆိုခြင်းအားဖြင့် BNP ဟာ အကြမ်းဖက်အားပေး ပါတီတစ်ရပ်သာ ဖြစ်နေကြောင်းလည်း သိသာထင်ရှားစေခဲ့ပါပြီ။

**"လူဦးရေအဆမတန်ပေါက်ကွဲတော့မယ့်အခြေအနေ၊ ဆင်းရဲမှုနဲ့ အလုပ်လက်မဲ့ပြဿနာ၊ များပြားလှတဲ့ ရာဇဝတ်မှုခင်း၊ လေလွင့်ကလေးသူငယ်ပြစ်မှုတွေ၊ အဂတိလိုက်စားမှု၊ အာဟာရချို့တဲ့မှုနဲ့ ပြည့်တန်ဆာအမှုတွေ၊ အမျိုးသမီးတွေအပေါ် တစ်ဖက်သတ် ဖိနှိပ်ချုပ်ချယ်မှု၊ ဆင်းရဲချမ်းသာ ကွာဟမှု၊ မညီမျှမမျှတမှု၊ မူးယစ်ဆေးစွဲပြဿနာတွေနဲ့ လုံခြုံမှုမရှိ၊ စိတ်ကျစိုးရိမ်ရောဂါပြဿနာတွေ စတဲ့ပြဿနာပေါင်းများစွာကို သူ့နိုင်ငံအတွင်းမှာ ဖြေရှင်းနိုင်ဖို့ အာရုံစိုက်သင့်ပါတယ်"**

**ကိုယ့်ပြည်တွင်းရေးသာပို၍အာရုံစိုက်သင့်**

မြန်မာနိုင်ငံရဲ့ ဘင်္ဂါလီအရေး အပြုသဘောဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး သူတို့ဘက်က လက်မခံနိုင်သလို ကျွန်တော်တို့ဘက်ကလည်း သူတို့ရဲ့ တစ်ဖက်သတ်စွပ်စွဲချက်တွေအပေါ်မှာ လက်ခံနိုင်ဖွယ်ရာရှိမှာမဟုတ်ပါဘူး။ BNP ရဲ့ အဆိုပြုချက်တွေဟာ မြန်မာနိုင်ငံအစိုးရသာမက တပ်မတော်နဲ့ ပြည်သူကိုပါ စော်ကားလိုက်ခြင်းဖြစ်သလို အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိုပါ ဝင်ရောက်စွက်ဖက်ခြင်းလည်း ဖြစ်ပါတယ်။

နိုင်ငံ့ဂုဏ်သိက္ခာအတွက် မပြောမဖြစ်၊ မဆိုမပြီးမို့ အဖြစ်မှန်ကိုအခြေခံပြီး ကာကွယ်ပြောပြနေရတာဖြစ်တယ်။ အမှန်တကယ် နိုင်ငံအာဏာရယူချင်တဲ့ BNP ဟာ သူ့နိုင်ငံ၊ သူ့ပြည်တွင်းရေးကို ပိုပြီးဂရုစိုက်ရမယ့်အခြေအနေမှာ သူ့ပြည်သူတွေအတွက် လုပ်ပေးစရာတွေ အများကြီး ရှိနေတယ်ဆိုတာကို မေ့လျော့နေပုံရပါတယ်။

စာမျက်နှာ ၁၂ သို့

# တနင်္သာရီတိုင်းဒေသကြီးရှိ ကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင်စတင်ဝင်ရောက်

မြိတ် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီးရှိ ကင်းမွန်မီးထွန်းလှေများမှာ သီတင်းကျွတ်ကာလရောက်ရှိတော့မည်ဖြစ်သည့်အတွက် ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင်စတင်ဝင်ရောက်ပြီဖြစ်ကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ကင်းမွန်မီးထွန်းလှေများမှာ ပွင့်လင်းရာသီတွင် လုပ်ကိုင်ရသည့် လုပ်ငန်းအမျိုးအစားဖြစ်ပြီး ရာသီအလိုက် လုပ်ကိုင်ရသည့် ငါးဖမ်းလုပ်ငန်းတစ်မျိုးဖြစ်ကာ မိုးလေကင်းစင်သည့် သီတင်းကျွတ်ကာလမှ သင်္ကြန်ကာလအထိ လုပ်ကိုင်ရကြောင်း လုပ်ငန်းရှင်များက ပြောသည်။

“ပင်လယ်ထဲမှာ လကွယ်ရက်တွေကို တွက်ချက်ပြီး ကင်းမွန်ဖမ်းဆီးလုပ်ကိုင်ရတာပါ။ လှေတချို့တော့ ပင်လယ်ပြင်ကို ထွက်ခွာနေကြပါပြီ။ ရာသီစတင်ပြီလို့ ပြောလို့ရပါတယ်။ ကင်းမွန်လှေတွေမှာ မိုးတွင်းမှာ လုပ်ငန်းရပ်နားပြီး လှေထောင်တင်ပြင်ဆင်တာတွေလုပ်ပြီး ပွင့်လင်းရာသီရောက်ပြီဆိုရင် လုပ်ငန်းခွင်ဝင်ကြတာပါ” ဟု ကင်းမွန်လှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကင်းမွန်လှေတစ်စင်း ပင်လယ်ပြင်အထွက်စားရိတ်မှာ လှေအရွယ်အစားအလိုက် ကွာခြားပြီး ကျပ်သိန်းရာချီ ကုန်ကျကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကင်းမွန်လှေ(တဝလိုင်စင်)အစင်းရေ ၃၀၀ ခန့်ရှိပြီး ကင်းမွန်လှေငယ် ၅၀၀ ကျော်ရှိကြောင်း မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

“ဒီနှစ်ရာသီမှာတော့ ဘယ်လိုအနေထားရှိမယ် မသိသေးဘူး။ ကင်းမွန်အရည်အသွေး 1,2,3 တစ်ဗန်း(၁၀ ပိဿာဝင်တစ်ဗန်း)ကို ကျပ် ၂၅၀၀၀၀ လောက်ဈေးရှိနေတယ်”ဟု ကင်းမွန်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီသတ်မှတ်ရာတွင် ဧပြီ၊ မေနှင့် ဇွန်လတို့ကို သတ်မှတ်ခဲ့ရာ ကမ်းဝေးကင်းမွန်လှေကြီးများလည်း ရပ်နားခဲ့ရကြောင်းသိရသည်။ သို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာနက မေ ၂ ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသငါးခုတွင် ပိတ်ပင်ထားခြင်းအား ဖြေလျှော့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေပြုလုပ်ကိုင်နေသော ကင်းမွန်ငါးဖမ်းလှေများကို မေလတွင် ငါးဖမ်းဆီးခွင့် ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)





# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပီလောပီနံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုများ၊ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုများ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေကြည်မြို့နယ်အတွင်းရှိ ပီလောပီနံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် မိုးစပါးစံကွက် ရိတ်သိမ်းနေမှုများ ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပန်းပုကွင်းကျေးရွာရှိ တောင်သူဦးကျော်ဝင်း၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပီလောပီနံစိုက်ခင်း ၁၅ ဧကတွင် မြေပုံစနစ်ဖြင့် စိုက်ပျိုးထားသည့် လေးလသက်တမ်းရှိ ကိုင်းရှုတ်(ပင်ပြန့်) မျိုးစိုက်ခင်း၊ ကိုင်းရှုတ် (ပင်ထောင်)မျိုးစိုက်ခင်းနှင့် ပန်းကလော/ကြက်ဥကလော မျိုးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးစေရေး၊ ပေါင်းစနစ်ဖြင့်ပြောင်းလဲစိုက်ပျိုးစေရေး ဆောင်ရွက်ရန်နှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေရန် မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာရှိ တောင်သူဦးနိုင်ဝင်းဆွေ၏ လယ် ၅ ဒသမ ၂၄ ဧကတွင် ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံ၍ တစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိစေရေး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲမှု၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးမှု၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများအချိုးကျ သုံးစွဲနိုင်မှုနှင့် ပိုက်ဆံလျှော် ထည့်သွင်းစိုက်ပျိုးမှုတို့ကြောင့် မိုးစပါးအထွက်နှုန်း တိုးလာသည်ကို မြင်တွေ့နေရကြောင်း ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ အဆိုပါတောင်သူ၏ လယ်မြေ ၅ ဒသမ ၂၄ ဧကရှိ ဆာဖိုးသာမျိုးစပါးအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၁၃၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝယ်ယူကြိတ်ခွဲသူ အစုအဖွဲ့အနေဖြင့် ဆောင်ရွက်သည့် ရွှေပြည်ဝင်းဆန်စက်၊ ဆန်၊ စပါးရောင်းဝယ်ရေးနှင့် စပါးအခြောက်ခံလုပ်ငန်းသို့ သွားရောက်၍ စပါးအခြောက်ခံခြင်း ဆောင်ရွက်နေမှုနှင့် တောင်သူများက စပါးများ ပြန်လည်ပေးသွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး “ ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း” ဧက ၂၀၀ စံပြစိုက်ခင်းရှိ ၇၅ ရက်သား သက်တမ်းရှိပြီဖြစ်သော ပေါ်ဆန်းစပါးစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စစ်တွေထပ်ဆင့်လွှင့်စက်ရုံတွင် စစ်တွေနည်းပညာတက္ကသိုလ်မှ လေ့လာရေးအဖွဲ့များ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံသို့ စစ်တွေ နည်းပညာတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာမနှစ်ဦးနှင့် အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ်(EC) ပထမနှစ်အထူးပြု ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့ ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းဖြေကြား**

ဦးစွာ စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံ အင်ဂျင်နီယာမှူး ဦးကိုကိုမင်းက ရှင်းလင်းပြောကြားခြင်း၊ လေ့လာရေးအဖွဲ့များ စက်ရုံအတွင်း ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ပြီးနောက် လေ့လာရေးအဖွဲ့များက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။



အဆိုပါ စစ်တွေနည်းပညာတက္ကသိုလ်မှ အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ် (EC) ပထမနှစ်အထူးပြု ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့သည် စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံတွင် အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ ကွင်းဆင်း လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပလက်ဝ-ကျောက်တော် သင်္ဘောခရီးစဉ် တစ်ရက်ခြားပုံမှန်ပြေးဆွဲ

ပလက်ဝ အောက်တိုဘာ ၁၀

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်သို့ ပြေးဆွဲပေးလျက်ရှိသော သင်္ဘောခရီးစဉ်သည် တစ်ပတ်နှစ်ကြိမ် ပြေးဆွဲပေးရာမှ



အောက်တိုဘာ ၄ ရက်မှ စ၍ တစ်ရက်ခြား ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ သင်္ဘောခရီးစဉ်ကို တစ်ရက်ခြား ပုံမှန်ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူ ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ လွယ်ကူမြန်ဆန်ကာ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❂ စာမျက်နှာ ၁၁ မှ

လူဦးရေအဆမတန်ပေါက်ကွဲတော့မယ့် အခြေအနေ၊ ဆင်းရဲမှုနဲ့ အလုပ်လက်မဲ့ပြဿနာ၊ များပြားလှတဲ့ ရာဇဝတ်မှုခင်း၊ လေလွင့်ကလေးသူငယ်ပြစ်မှုတွေ၊ အဂတိလိုက်စားမှု၊ အာဟာရချို့တဲ့မှုနဲ့ ပြည့်တန်ဆာအမှုတွေ၊ အမျိုးသမီးတွေအပေါ် တစ်ဖက်သတ်ဖိနှိပ်ချုပ်ချယ်မှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ မညီမျှမမျှတမှု၊ မူးယစ်ဆေးစွဲပြဿနာတွေနဲ့ လုံခြုံမှုမရှိ၊ စိတ်ကျစိုးရိမ်ရောဂါပြဿနာတွေစတဲ့ ပြဿနာပေါင်းများစွာကို သူ့နိုင်ငံအတွင်းမှာ ဖြေရှင်းနိုင်ဖို့ အာရုံစိုက်သင့်ပါတယ်။

အနည်းဆုံးတော့ စာနာစိတ်ရှိရင် ဘင်္ဂါလီဒုက္ခသည်စခန်းတွေထဲက မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးပြဿနာလို ရာဇဝတ်မှုတွေကို အရင်ဦးစားပေးဖြေရှင်းသင့်ပါတယ်။ ဒီလိုအရည်အချင်းတွေကြောင့်လည်း BNP ပါတီရဲ့ နိုင်ငံရေးဟာ ကျရှုံးနိုင်ငံရေးဖြစ်နေရခြင်းလို့ ယူဆမိပါတယ်။

အချုပ်အားဖြင့်တော့ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံကိုပျက်စီးစေလိုသူတွေဟာ နိုင်ငံ့အကျိုးမလိုလားသူတွေနဲ့ပေါင်းပြီး မပျက်ပျက်အောင် မီဒီယာအား၊ ငွေအားပုံအောသုံးပြီး အမြဲချောင်းမြောင်း၊ အမြဲတိုက်ခိုက်နေတယ်ဆိုတာ သတိရှိနေဖို့ပါပဲ။ သူတို့ဟာ မြန်မာနိုင်ငံကို လူမျိုးရေး၊ ဘာသာရေးအရ လွှမ်းမိုးဖို့ အမြဲကြိုးစားနေတယ်ဆိုတာကိုလည်း သတိမပြတ်ဖို့လိုပါတယ်။ နယ်စပ်မျဉ်းတွေ၊ နယ်ခြားတွေရဲ့လုံခြုံရေးကို ထိန်းချုပ်နိုင်အောင် ကြိုးစားနေရတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းတွေအပေါ်မှာလည်း ယုံကြည်နားလည်ပေးဖို့ လိုအပ်ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့ ဘင်အရေး အဖျက်အမှောင့်တွေကို မိမိတို့နှလုံးသားထဲ ဘယ်တော့မှ အထည့်မခံဘဲ အမှန်ကိုသာမြင်ဖို့လိုပါကြောင်းနဲ့ အချင်းချင်းညီညီညွတ်ညွတ်နဲ့ အစဉ်အမြဲ သွေးမကွဲတဲ့ နိုင်ငံတော်ဖြစ်နေဖို့သာ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ကမ္ဘောဒီးယားနိုင်ငံ၌ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားမဟာဗျူဟာချမှတ်



**ဖနောင်ပင် အောက်တိုဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃-၂၀၂၈ အထိ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာတစ်ရပ်ကို အောက်တိုဘာ ၁၀ ရက်တွင် စတင်ချမှတ်ခဲ့ပြီး ကုန်ပစ္စည်းထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်စေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖနောင်ပင်တွင်ကျင်းပသည့် ၎င်းမဟာဗျူဟာ စတင်ဆောင်ရွက်သည့် အခမ်းအနားတွင် ဝန်ကြီးချုပ် ဟွန်မာနက်က အဆိုပါ မဟာဗျူဟာအရ ကမ္ဘောဒီးယားနိုင်ငံသားများ တစ်ဦးတစ်ယောက်မျှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ရစ်စေရေးအတွက် ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။

ယခုဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာသည် ဆင်းရဲမွဲတေမှု လျော့နည်းစေရန်၊ လူမှုရေးညီမျှမှုတိုးမြှင့်စေရေးနှင့် စီးပွားရေးခိုင်ခံ့စေရန် ကူညီပေးမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

၎င်းမဟာဗျူဟာတွင် ဦးစားပေးကဏ္ဍ ငါးခုသတ်မှတ်ထားပြီး အသေးစားစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများအား လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး လူမှုရေးအရ ထောက်ပံ့မှုများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမားအင်အား စစ်တမ်းတစ်ခုအရ ကမ္ဘောဒီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူ ၆ ဒသမ ၂ သန်းခန့်သည် အသေးစားစီးပွားရေးကဏ္ဍတွင် အလုပ်လုပ်နေကြသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၁၂၃၀၀၀ ကျော် ပြည်တွင်းနေရပ်ရွှေ့ပြောင်းခဲ့ရ

**ဂျေရုဆလင် အောက်တိုဘာ ၁၀**

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၁၂၃၀၀၀ ကျော် ပြည်တွင်းနေရပ် ရွှေ့ပြောင်းခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ပစ်ခတ်မှုများကြောင့် ဂါဇာစီးတီးရှိ နေအိမ်များနှင့် တိုက်ခန်းအဆောက်အအုံများကို ထိခိုက်ခဲ့ကာ ကျန်းမာရေးဝန်ထမ်းခြောက်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကာ ကျန်းမာရေးစောင့်ရှောက်မှုဌာန ခုနစ်ခုနှင့် အရေးပေါ်လူနာတင်ယာဉ်ကိုးစီး ပျက်စီးခဲ့ကြောင်း ၎င်းရုံးမှသိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဓာတ်အားပေးစက်ရုံသည် ယခုအခါ တစ်ခုတည်းသော လျှပ်စစ်ဓာတ်အားအရင်းအမြစ်ဖြစ်လာပြီး ရက်ပိုင်းအတွင်း လောင်စာကုန်သွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီက အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ထက်ဝက်ကျော်သည် စာသင်ကျောင်းများတွင် ခိုလှုံနေကြရသည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် ဂါဇာဒေသရှိ ရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒေသခံများအတွက် ငွေသားအကူအညီ လိုအပ်နေသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် ဂါဇာရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် မုန့်နှင့် စည်သွပ်အစားအစာများကို ဝေမျှခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောကြားခဲ့သည်။ လာမည့်ရက်အနည်းငယ်အတွင်း ဒုက္ခသည်များကို စားနပ်ရိက္ခာနှင့် ငွေသားအကူအညီ စတင်ပေးအပ်ရေး WFP မှ စီစဉ်နေသည်။

ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်မှု လွယ်ကူစေရမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ထပ်လောင်းပြောကြားသည်။ "ဂါဇာကမ်းမြောင်မှာ ပိတ်မိပြီး အကူအညီမဲ့နေတဲ့ ပါလက်စတိုင်းအရပ်သားတွေကို လူသားချင်းစာနာတဲ့ အကူအညီတွေ အမြန်ဆုံးပေးအပ်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ ကုလသမဂ္ဂကိုဝင်ခွင့်ပေးဖို့ ကျွန်တော်တိုက်တွန်းချင်ပါတယ်။ လူသားချင်းစာနာမှု အကူအညီတွေကို ချက်ချင်းစုစည်းပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို မေတ္တာရပ်ခံပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ အိုးအိမ်မဲ့မိသားစုများ ခိုလှုံရာ ကျောင်းတစ်ကျောင်း ပျက်စီးခဲ့ပြီး ၂၂၅ ဦးခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# လစ်ဗျားနိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် လစ်ဗျားနှင့်အီးယူတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



**ထရီပိုလီ အောက်တိုဘာ ၁၀**

လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လစ်ဗျားနိုင်ငံရှိ ဥရောပသမဂ္ဂ နယ်ခြားကူညီရေးမစ်ရှင်တို့သည် လစ်ဗျားနိုင်ငံ၏ နယ်စပ်ဒေသများ လုံခြုံရေးနှင့် စီမံခန့်ခွဲမှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အကြမ်းဖက်ဝါဒများကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အောက်တိုဘာ ၉ ရက်တွင် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း လစ်ဗျားနိုင်ငံရှိ ဥရောပသမဂ္ဂ နယ်ခြားကူညီရေးမစ်ရှင်က ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို လစ်ဗျားနိုင်ငံ၏ မြို့တော်ထရီပိုလီရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားသို့ လစ်ဗျားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ခေတ္တဝန်ကြီး တာဟာအယ်လ်ဘာဟောနှင့် လစ်ဗျားနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲ နီကိုလာအော်ရီယန်ဒိုတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုလက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာသည် မစ်ရှင်၏ နည်းပညာအထောက်အပံ့၊ အဆောက်အအုံနှင့် လေ့ကျင့်ရေးပိုင်းများအပါအဝင် အဆိုပါမစ်ရှင်နှင့် သက်ဆိုင်ရာလစ်ဗျားအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ထိုင်းနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးဂြိုဟ်တု လွှတ်တင်

**ဗန်ကောက် အောက်တိုဘာ ၁၀**

ထိုင်းနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးဂြိုဟ်တု (သီအိုအက်စ် – ၂) ကို ပြင်သစ်ဂီယာနာရှိ ဂီယာနာအာကာသစင်တာမှ အောက်တိုဘာ ၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုသည် လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ပတ်လမ်းကြောင်းသို့ ဝင်ရောက်ခဲ့သည်။

ယင်းဂြိုဟ်တုအား ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ မဆောင်ရွက်မီ အစမ်းကာလအဖြစ် မြေပြင်စခန်းမှ သုံးလ ထိန်းချုပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအဆင့်မြင့်ပညာရေး၊ သိပ္ပံ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီးဌာနဝန်ကြီး ဆူပါမတ်စ်အစ်ဆာရာဘတ်ခ်ဒီက ပြောကြားသည်။

ယခုမစ်ရှင်သည် ထိုင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ မြို့ပြစီမံခန့်ခွဲရေး၊ ရေအသုံးချရေးနှင့် သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် သတင်းအချက်အလက်များကို ပေးအပ်နိုင်မည်ဖြစ်ကြောင်း ထိုင်းဘူမိဗေဒနှင့် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (GISTDA) ကပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဆူဒန်နိုင်ငံ၌ ပဋိပက္ခများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ကလေးငယ် ၁၉ သန်း ကျောင်းထွက်ခဲ့ရ

**ကုလသမဂ္ဂ အောက်တိုဘာ ၁၀**

ဆူဒန်နိုင်ငံ၌ စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ကလေးငယ် ၁၉ သန်းခန့် ကျောင်းထွက်ခဲ့ရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)နှင့် Save the Children တို့က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ကျောင်းထွက်ရသည့် ကလေးငယ်စုစုပေါင်း၏ ၆ ဒသမ ၅ သန်းခန့်သည် ပဋိပက္ခဒဏ်ခံရသည့် နယ်မြေများ၌ ကျောင်းပေါင်း အနည်းဆုံး ၁၀၄၀၀ ပိတ်ထားရခြင်းနှင့်အတူ ၎င်းတို့ဒေသတွင် အကြမ်းဖက်မှုများနှင့် မလုံခြုံမှုများ မြင့်တက်လာခြင်းကြောင့် ကျောင်းထွက်ခဲ့ရခြင်း ဖြစ်ကြောင်း ကလေးငယ်ဆိုင်ရာ အဖွဲ့အစည်းနှစ်ခုက ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။



ထို့ပြင် စစ်ပွဲကြောင့် ထိခိုက်မှုအနည်းငယ်သာရှိသော ဒေသများမှ ကလေးငယ် ၅ ဒသမ ၅ သန်းကျော်သည် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်မည်လားဆိုသည့် ဒေသအာဏာပိုင်များ၏ အတည်ပြုချက်ကို စောင့်ဆိုင်းနေရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် လုံခြုံစိတ်ချရသည့် ဒေသများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆူဒန်အာဏာပိုင်များအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)နှင့် Save the Children တို့က တောင်းဆိုထားကြောင်း သိရသည်။ ဆူဒန်နိုင်ငံ၌ ကလေးငယ် ၂၃ သန်းရှိပြီး ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Than Htike Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာနေ သန်းထိုက်ဦးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မတ္တရာ မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလို သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ကောင်းသန့်ကျော်နှင့် ခန့်ဇင်ဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဖော့တောလမ်းဆုံ၌ မန္တလေးမှ ဟိုပင်သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကောင်းသန့်ကျော်နှင့်ခန့်ဇင်ဝင်းတို့နှစ်ဦး သယ်ဆောင်လာသည့် ရေတ်သီးစိမ်းအိတ်များနှင့် ကွမ်းခြင်းများအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ် ၅၆ ဒသမ ၇၅၀၇ တန် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၀ ဒသမ ၈၅၈၅ တန်၊ သစ်မာ ၁၉ ဒသမ ၀၈၈၈ တန်၊ အခြား ၆ ဒသမ ၈၀၃၄ တန်၊ စုစုပေါင်း ၅၆ ဒသမ ၇၅၀၇ တန်၊ ယာဉ်/ ယန္တရား ၁၁စီး၊ တရားခံ ၂၀ တို့ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၂၁၇ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ကြေး ပေးအပ်

မြဝတီ အောက်တိုဘာ ၁၀

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွားများအား ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်(ဇူလိုင်၊ဩဂုတ်၊ စက်တင်ဘာလများ)အတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်က လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ ၁၁ ခုတို့မှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၂၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၅၁၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး အလားတူ ကျန်ရှိသည့်ကျေးရွာ ခြောက်ရွာမှ အဘိုး အဘွား ၂၆ ဦးအတွက် ထောက်ပံ့ကြေးများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။




ဇာဖြူဝင်း(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၀-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သဘာဝအလှတရားတို့ထိတွေ့ခဲ့သည့်တစ်ခဏ
- ၀၉:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၁:၁၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဘဝစကက်ဘောအက်ဆေး”** (အပိုင်း-၁၁)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **“လေနှင်ရာခရီး”** (အပိုင်း-၂၉)
- ၁၄:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း”** (အပိုင်း-၁၆)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ (၂၄)ကြိမ်မြောက်အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ “အကပြိုင်ပွဲ” အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်
- ၁၇:၂၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၃၅ သဘာဝတရားဆီသို့အလည်သွားခြင်း (စိတ်ကူးကောင်းသောဇီသုကာငှက်ကလေးများ)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) **“လူမှန်နေရာမှန်”**
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဘဝစကက်ဘောအက်ဆေး”** (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နိုပါတ်တော်လာဇာတ်သဘင်မဟာ **“စိတ္တကေသီ”**
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **“လေနှင်ရာခရီး”** (အပိုင်း-၃၂)

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Dances of Myanmar: Tai Khun or Gon Traditional Dance
- 07:14 Yay Pyan Taung Waterfall
- 07:37 A Glance At A Naga Family Life
- 08:01 News
- 08:26 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
- 08:43 Myanmar Masterclass: Artist Khin Maung Zaw
- 08:52 Wholesale Fish
- 09:01 Myanmar Traditional Art Bronze Casting
- 09:07 A Visit to Yangon's Coastal Area
- 09:25 Artist Life: Designer Nay Chi Win Lai Yee
- 09:42 Yenwe, The Multi-Purpose Dam
- 10:01 News

**MRTV NRC**

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ထူးခြားရသာရခိုင်လော်စာ
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းပြည်ရဲ့ခေတ်ဟောင်းခေါ်ပုတ်ထောင်းနည်း
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** မြင်းခွာရွက်နှင့်ကျန်းမာရေး
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဒသူးရိုးရာခေါင်းပေါင်းပေါင်းနည်း
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ထိန်းသိမ်းစိုလေရိုးရာအမွေ
- **ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)** ပုစွန်ရှာထွက်ခြင်း
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလီနီးအင်တာဗျူး
- **ချင်း (လိုင်ရိုး) (၂၁:၀၀ မှ ၂၂:၀၀)** ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
- **ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)** တောင်ကျကျေးရွာ(အပိုင်း-၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ သစ်တောတွင်းကရစ်ငှက်များလိကျန်းစီးရီး (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ ရန်ကုန်တက္ကသိုလ်များလေ့လော့်အသင်းရာပြည့်အကြိုဆွေးနွေးပွဲ

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **“အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ”**
- ၁၀:၀၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂါတ်ဒီမိုကရေစီ(အပိုင်း-၂)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇)
- ၁၈:၀၀ Economic Review (အပိုင်း-၂၃)
- ၂၀:၃၀ 2024 AFC ဖူဆယ်ဖလားခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (TAJIKISTAN VS MYANMAR)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၄၅ ပုလဲကေရီမှအဖိုးတန်ပုလဲရတနာလေးများ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ HARVESTING and PRESERVING Food for Winter Storage
- ၁၉:၀၀ Lincense to Farm - Official Documentary
- ၁၉:၃၀ 2023 Garden & Harvest Tour Week 10: Monster Tomatoes!
- ၂၂:၀၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ ဘောလုံးအခြေခံအားကစားနည်း (ပိုးသမားအကြောင်း)
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၁၀ Football Highlight
- ၁၉:၄၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့် ဗိုလ်မှူးချုပ်(ဟောင်း) ရန်နောင်စိုးတို့အား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော်  အောက်တိုဘာ ၁၀**

ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်စဉ်အတွင်း နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေဆိုင်ရာ မူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာ မူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာ မူဝါဒများနှင့် ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်ရယူဆောင်ရွက်ခဲ့ခြင်းဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရက စားအုန်းဆီများကို တင်သွင်းရန် သတ်မှတ်ရာခိုင်နှုန်းအတွက် ကျသင့်ဒေါ်လာများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးကာ တင်သွင်းစေခဲ့သော်လည်း နိုင်ငံတော်အစိုးရက ခွင့်ပြုရောင်းချရန် သတ်မှတ်ထားသည့် ရည်ညွှန်းဈေးနှုန်းထက် ဈေးတင်ရောင်းချခြင်းကိုသိလျက် အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပတ်သက်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများက ပေးအပ်သည့် တံစိုးလက်ဆောင်ပစ္စည်းများကို ရာထူးလုပ်ပိုင်ခွင့်ကို အသုံးပြု၍ ရယူဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြားသုံးငွေများကို တရားမဝင် လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့်ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကို လည်းကောင်း၊ ဗိုလ်မှူးချုပ်(ဟောင်း) ရန်နောင်စိုးသည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာမူဝါဒနှင့်ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရယူဆောင်ရွက်ခြင်း၊ နိုင်ငံခြားသုံးငွေဆိုင်ရာမူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာမူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာမူဝါဒများနှင့် ဆန့်ကျင်ကာ နိုင်ငံတော်ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့ခြင်း၊ ရာထူးလုပ်ပိုင်ခွင့်အား အသုံးပြု၍ စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လဲလှယ်ပေးခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လက်ခံရယူခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား ဒုတိယဗိုလ်ချုပ်ကြီး (ဟောင်း) မိုးမြင့်ထွန်းနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားငွေများကို တရားမဝင်လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့် ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကိုလည်းကောင်း အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၆ ရက်က အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Remote Control Toy Car ၇၂ ခုအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၈ ရက်က မြဝတီကုန်သွယ်ရေးဇုန်၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Cement Ceiling Board ကီလိုဂရမ် ၁၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၉ ရက်က အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Gasoline Engine အခု ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Laser Toner Cartridge အခု ၆၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Sein Tun MPV တစ်စီးနှင့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fancy မလက်ကိုင်အိတ် ကီလိုဂရမ် ၂၁၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၅၄၅၀)ကို လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၄၅၄၅၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း (၀)မိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Shoes ဖိနပ် အရန် ၂၅၀၊ Super Colour ခေါင်းလျှော်ရည် ၆၈၇၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၄၄၃၄၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး၊Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၉၄၄၃၄၅)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၈ ရက်က ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျားကလေး-ဇာသပြင်-မော်လမြိုင်လမ်း၊ ကျားကလေးကျေးရွာ အနီး၌ မြဝတီမြို့မှ ဇာသပြင်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Choco Pie မုန့် ၈၄ ဘူး၊ C-Vitt အချိုရည်ဘူး ၆၀၀၊ Crispy-Joy မုန့်ဘူး ၇၂၀ အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၆၄၄၇၉၅)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ရေဘေးသင့် အိမ်ထောင်စုများအား ရွှေ့ပြောင်းကူညီပေး

**လှည်းကူး  အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အောက်တိုဘာ ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိရာ ခရိုင်/မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရွှေ့ပြောင်းကူညီပေးလျက်ရှိသည်။

လှည်းကူးမြို့နယ်၌ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအား သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ရေဘေးလွတ်ရာ ဆုတောင်းပြည့် ငါးထပ်ကြီးဘုရားမှ လှည်းကူးပညာရေးဒီဂရီကောလိပ်သို့ ရွှေ့ပြောင်းကူညီပေးခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**



**❑ ကမ္ဘာ့ဖလားခြေစစ်ပွဲမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအဆင့်ခြေစစ်ပွဲအဖြစ် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမအကျော့အဖြစ် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် မကာအိုအသင်းကို ကျော်ဖြတ်နိုင်မှသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအကျော့အဖြစ် အောက်တိုဘာ ၁၇ ရက်တွင် အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား-ပြည့်ဖြိုးအောင်(ဟံသာဝတီ)၊ ဆန်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ ဇင်ညီညီအောင်(ဒဂုံစတား)၊ ပြည့်ဖြိုးသူ(ရတနာပုံ)၊ နောက်တန်း-ဟိန်းဖြိုးဝင်း(ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း-ကမ္ဘောဒီးယား)၊ ရဲမင်းသူ၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ ဖွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ သက်ဟိန်းစိုး၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ လတ်ဝေဘုန်း (ရှောဝတီ)၊ အလယ်တန်း-လွင်မိုးအောင်(ရရောင်း-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ ဝေလင်းအောင်၊ ဆွမ်လမန် (ဒဂုံစတား)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင်၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘာလန်-မလေးရှား)၊ ရှေ့တန်း- ဥက္ကာနိုင် (ရန်ကုန်)၊ အောင်မြတ်သူ (ဟံသာဝတီ)၊ အောင်သူ၊ အောင်ကောင်းမာန် (အူထိုင်းထာနီ-ထိုင်း)၊ သန်းပိုင်(ချင်းမိုင်ယူနိုက်တက်-ထိုင်း)နှင့် ဝင်းနိုင်ထွန်း (ဘော်နီယို-အင်ဒိုနီးရှား) တို့ ပါဝင်ကြသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ငါးဖမ်းလုပ်ငန်းသို့ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော်  အောက်တိုဘာ ၁၀**

ငါးဖမ်းလုပ်ငန်းသို့ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မအေးသက်မာနှင့် မိခင်ဖြစ်သူ ဒေါ်နိုင်နိုင်ကျော်တို့က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အခြံကျေးရွာနေ ကို---၊ ၂၅ / ၂၀၁၉ နှစ်အား ကျားဖောင်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကြောင်း စည်းရုံးပြောဆို၍ သဘ္ဘာထွန်းငါးဖမ်းလုပ်ငန်းသို့ ပို့ဆောင်ကာ လုပ်အားခငွေကျပ် ခုနစ်သိန်းကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း၊ (ပ) ၂၀၈၆/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် တရားခံ ဒေါ်နိုင်နိုင်ကျော်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (ခ) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းမှ သင်ခန်းစာအားလုံးကို လေ့လာထားရပါမည်။ သင်္ချာပုစ္ဆာများကို အလွတ်ကျက်မှတ်၍ ရေးသားဖြေဆိုခြင်းမျိုးမဖြစ်သင့်ပါ။ မေးထားသည့်ပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲတွင် Non-programmable Calculator ကို အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A**၊ **Section B**၊ **Section C** နှင့် **Section D** အပိုင်း ၄ ပိုင်း ပါရှိပါသည်။

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန်လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ဖြစ်ပါသည်။
- အခန်း ၇ (Section 7.1, Section 7.2, Section 7.3, Section 7.4) နှင့် အခန်း ၈ (Section 8.1, Section 8.3) တို့မှ ၁၅ မှတ် ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5)၊ အခန်း ၈ (Section 8.2, Section 8.4) နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ တို့မှ အမှတ် ၃၀ ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည့် **Answer ALL Questions** ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများ ဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | – | – | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | – | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | – | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | – | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit $i$ ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုည မဟုတ်လျှင် $x^2$ သည် သုညထက်ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ် အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု (i ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2 = 4(-1) = -4$ နှင့် $(-2i)^2 = 4i^2 = 4(-1) = -4$ ဖြစ်သည့်အတွက် $x^2 = -4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် $i$ နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန်အတွက် Complex number x + y$i$ ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် ပေါင်းခြင်း၊ မြှောက်ခြင်း Operation တို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate, Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များ ရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာ၏ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရမည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားသော Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

ပုစ္ဆာတွင် ဖော်ပြထားသော Statement သည် မည်သည့်သဘာဝကိန်း n မှစ၍ မှန်ကန်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပါ။ သဘာဝကိန်း 5 နှင့် ယင်းထက်ကြီးသောကိန်းများအတွက်သာ မှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့်ပြိုင်နေသော ပြင်ညီများ၊ ထောင့်မတ်ကျနေသော မျဉ်းများ၏ Equations နှင့် Directed Values, Parallel Lines, Skew Lines နှင့် Perpendicular Lines များကို ဖော်ပြထားသည်။ Directed Values များကိုအသုံးပြု၍ Coordinates form of the Line Equation $(x, y, z) = (x_1 + lk, y_1 + km, z_1 + kn)$ ရေးသည်။ Directed Values များ သုညနှင့် မတူပါက $\frac{x - x_1}{l} = \frac{y - y_1}{m} = \frac{z - z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကို ရှာနိုင်ပြီး Sphere တစ်ခု၏ Center နှင့် Radius တို့ကို သိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများ မြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့် တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်။ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကို အသုံးပြု၍ plane ညီမျှခြင်းရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ Permutation ဆိုသည်မှာ An Ordered Arrangement တစ်ခုကိုဆိုလိုခြင်းဖြစ်ပြီး Combination ဆိုသည်မှာ An Unordered Collection တစ်နည်းအားဖြင့် Choice တစ်ခုပင်ဖြစ်သည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$, ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ် သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့်ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုပါသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်)များ ဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရပါမည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို(h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x - h)^2 + (y - k)^2 = r^2$ ကို ဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2 + y^2 + 2gx + 2fy + c = 0$ ကို စက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2 + y^2 + 2gx + 2fy + c = 0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x + g)^2 + (y + f)^2 = g^2 + f^2 - c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို (−g, −f)နှင့် အချင်းဝက် $\sqrt{g^2 + f^2 - c}$ ရသည်။ ဆက်လက်ပြီး parabola equation များအကြောင်းကို တင်ပြထားသည်။ $y^2 = 4px$ ၌ axis of symmetry သည် x – axis (horizontal axis, y = 0) ဖြစ်သည်။ Focus သည် (p, 0) အမှတ်ဖြစ်ပြီး directrix သည် x = −p မျဉ်းဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။ ထိုနည်းတူစွာ $y^2 = -4px$ , $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y - k)^2 = 4p(x - h)$, $(y - k)^2 = -4p(x - h)$, $(x - h)^2 = 4p(y - k)$ နှင့် $(x - h)^2 = -4p(y - k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုးဖြစ်သော Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ (၂) မျိုးဖြင့် မေးနိုင်သည်။ ပထမပုံစံမှာ “From the graph of $y = \sin x$, draw step-by-step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$.” ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကို ဆွဲသားပေးရမည်ဖြစ်သဖြင့် Graph တစ်ခုထဲတွင် curve သုံးကြောင်း ဆွဲသားရမည်။ နောက်ဆုံးအဖြေဖြစ်သော $y = 2\sin\frac{\pi}{2}x$ တွင် Five key points: maximum point, minimum point နှင့် x-intercepts တို့

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြည့်စုံစွာပါဝင်ရမည်။ ဒုတိယပုံစံမှာ “Draw the graph of $y = 2\sin\frac{\pi}{2}x$.” ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် Graph ထဲတွင် $y = 2\sin\frac{\pi}{2}x$ ၏ curve တစ်ကြောင်းသာ ဆွဲသားရန်လိုအပ်ပြီး Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန် လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်စေလိုပါသည်။

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင်ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင်ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range နှင့် Asymptote Line များကိုလည်း သိထားရမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန် လိုအပ်သည်ကို ထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင် Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသောအချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏ အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Part Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန် တွက်တတ်ရပါမည်။ အခန်း (၁၀)တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များအစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x–axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်း သိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကိုသတိပြုပါ။

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးပါ။
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့် မေးခွန်းကို မေးခွန်းနံပါတ်တပ်၍ ဖြေဆိုပါ။ (မေးခွန်းနံပါတ်အစဉ်အတိုင်း ဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

**2024**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATIONS**

**MATHEMATICS** Time: 3 hours

Answer ALL Questions. Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3,Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

Write only the solution of each question. (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Grade 12 Chapter 5
26. Grade 12 Chapter 6
27. Grade 12 Chapter 8 Section 8.1, Section 8.3
28. Grade 12 Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Grade 12 Chapter 10
30. Grade 12 Chapter 11

**Section D (Each question carries 5 marks.)**

31. Grade 12 Chapter 1
32. Grade 12 Chapter 2
33. Grade 12 Chapter 3, Chapter 4
34. Grade 12 Chapter 5
35. Grade 12 Chapter 6
36. Grade 12 Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Grade 12 Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Grade 12 Chapter 11

☆ ကျောဖုံးမှ

ယူရို ၂၀၂၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်နဲ့ စပ်လျဉ်း၍ ယူအီးအက်ဖ်အေက အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။

ယူရို ၂၀၂၈ ပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်ကို ကာဒစ်ဖ်မြို့ရှိ ပရင်စီပယ်လတီအားကစားကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ လန်ဒန်မြို့ရှိ ဝင်ဘလေကွင်းမှာ ကျင်းပသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ယူရို ၂၀၂၈ ပြိုင်ပွဲရဲ့ ပွဲစဉ်တွေကို ဂလက်စဂိုးမြို့ရှိ ဟမ်ဒမ်ပ့ါခ်၊ ဒပ်ဘလင်မြို့ရှိ အဗီဗာအားကစားကွင်း၊ ဘဲလ်ဖက်မြို့ရှိ ကာဆီမန့်ပ့ါခ်၊ အဲဗာတန်မြို့ရှိ ဘရမ်လေ–မောဒေ့ါခ်အားကစားကွင်းတွေ အပါအဝင် မတူညီတဲ့ ဘောလုံးကွင်း ၁၀ ကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ယူရို ၂၀၂၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ တူကီယဲနိုင်ငံကလည်း မျှော်လင့်ထားပေမယ့် ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရေးကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး ယူရို ၂၀၃၂ ပြိုင်ပွဲကိုတော့ အီတလီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားဖို့ ရှိနေတာဖြစ်ပါတယ်။ **ငွေကြယ်**

## ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၅ ရပ်ကွက် ပုလဲရတနာလမ်းရှိ မြို့နယ်ဘောလုံးအားကစားကွင်း၌ ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် U–14 Boys Royal–D Cup ၂၀၂၃ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပသည်။ ဒဂုံမြို့သစ်ခရိုင်တွင်ပါဝင်သည့် မြို့နယ်လေးမြို့နယ်ဖြစ်သော ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ကိုယ်စားပြုအသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကစားရာ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အသင်းနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အသင်းက တစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဆက်လက်၍ ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝင်း၊ မြို့နယ်



စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းနိုင်၊ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြအေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ထွန်းတို့က ပထမဆု၊ ဒုတိယဆုနှင့် ပူးတွဲ တတိယဆုများ ရရှိကြသော အသင်းများအား ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန်နှင့် အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းများ ကျင်းပ



## ဇီးကုန်းမြို့နယ်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက သစ်နဖားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက "စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး" ခေါင်းစဉ်ဖြင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ပပဝင်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ အကြမ်းဖက်မှုများဆိုင်ရာ အမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းများ၊ ကြိုတင်ကာကွယ်နည်းနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ကလေးသူငယ်တို့၏ အခွင့်အရေးများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာနှင့်ပတ်သက်၍ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များအကြောင်း၊ သိသင့်သိထိုက်သော ကုန်အညွှန်းအမှတ်အသားဆိုင်ရာများအကြောင်းနှင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှုမရှိသောမုန့်များနှင့် သက်တမ်းလွန်မုန့်များ၊ စားသုံးရန်မသင့်သော အစားအသောက်များကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိနိုင်ရန် ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းဖြတ်မြို့နယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက အလက(ပါဆန်း)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် အလက(ပါဆန်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဆိုင်လှိုင်းရှဲန်တစ်(ပ်)တို့က လူငယ်စကားဝိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဗလငါးတန်ပြည့်စုံသော လူငယ်များ ဖြစ်ပေါ်လာစေရေး သိကောင်းစရာများကို ပြောကြားသည်။

ဆက်လက်၍ အလက(ပါဆန်း)မှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်"၊ "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့်စာရိတ္တ"၊ "လူငယ်နှင့် ကိုယ်လက်လှုပ်ရှားအားကစား"စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ဖြေကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် လူငယ်အသိပညာပေးစာအုပ်ပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## မိုင်းယောင်းမြို့နယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်နှင့် အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာ စကားဝိုင်းကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက အလက (တပ်တွင်း)၌ ကျင်းပခဲ့ကြောင်း သိရသည်။

